ကြေးမုံ
The Mirror
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (7-3-2016) (၈၄၉၈)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



# စံကားပွင့်တို့နှင့်အပြိုင် ဖူးပွင့်လာသည့် ပုပ္ပားမြေမှ ရွှေရောင်မျှော်လင့်ချက်များ

သတင်းဆောင်းပါး – ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ – မျိုးမြင့်၊ မေဦးမိုး

နေရောင်ထွက်ပေါ်လာသည်နှင့် ကိုကြည်ခိုင်၏ လက်နှစ်ဖက်မှာ ပေါက်တူးကို ပို၍ မြန်ဆန်စွာ အသုံးချမိသည်။ နဂါးမောက်ပင်များအတွက် ရေသွင်းနေမှုကို နေမပြင်းခင် အပြီးလုပ်ဆောင်ကာ မြို့ပေါ်သို့တက်ရင်း မြေဆီအိတ်တစ်အိတ်တော့ ဆိုင်ကယ်ပေါ်တင်လာရန် စိတ်ကူးထားသည်။ ရှစ်လသားသာရှိသေးသည့် နဂါးမောက်ပင်များက ဒီနှစ်အသီးစမ်းမည်ဟု မျှော်လင့်ထားပြီး အနောက်ဘက်ရှိ စိန်တစ်လုံးနှင့် ပတ္တမြားငမောက် သရက်ပင်တန်းများအကြား ပေါက်နေသည့် မာလကာပင်များမှ လတ်လတ်ဆတ်ဆတ် ၁၀ ပိဿာလောက်ကိုတော့ ပုပ္ပားမြို့သို့ရောင်းချရန် ခူးဆွတ်ပြီးသားပင်။ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မို့ ငွေတစ်သောင်းခွဲကတော့ သူ့အတွက် ဆီဖိုးနှင့် မြေဆီခတွက်ခြေကိုက်သည်။

ပုပ္ပားတစ်ခွင်တွင် မာလကာ၊ ငှက်ပျောတို့နှင့် ထမင်းစားကြပြီး သရက်မျိုးကောင်းများ၊ နဂါးမောက်နှင့် သီဟိုဠ်တို့က တောင်သူတို့ဘဝကို ပြောင်းလဲပေးမည့် အရာများပင်ဖြစ်သည်။

နတ်ကန်လည်ရွာသား ကိုကြည်ခိုင်က ဆိုင်ကယ်ပေါ်သို့ မာလကာများတင်အပြီးတွင် ဆိုင်ကယ်ကို ကတ္တရာခင်းထားသည့် ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် ကျောက်ပန်းတောင်းမြို့ဆီ ဦးတည်လိုက်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည်လည်း တောင်သူများအဖို့ ဆုလာဘ်ကြီးတစ်ခုဟု ဒေသအကြောင်းကို ကိုကြည်ခိုင်က မမောနိုင်မပန်းနိုင်ရှင်းပြသည်။

ပုပ္ပားတောင်မကြီးနှင့် တောင်ကြောတစ်လျှောက် ကျေးရွာချင်းဆက်လမ်းများကို ကတ္တရာလမ်း၊ ကျောက်ချောလမ်းများ ခင်းကျင်းပြီးစီးမှုကြောင့် ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့် မန္တလေးမြို့များဆီအထိ တောင်သူများက **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ပုပ္ပားဒေသ နတ်ကန်လည်ရွာတွင် ဖူးပွင့်နေသည့်သရက်များ** (အပေါ်ပုံ)**နှင့် အသီးစတင်တော့မည့် နဂါးမောက်ပင်များ** (အောက်ပုံ)**ကို တွေ့ရစဉ်။**



**လူငယ်တစ်ဦး မိမိကိုယ်မိမိ အဆုံးစီရင်မှုဖြစ်ပွား** စာမျက်နှာ - ၃

**ရန်ကုန်နှင့် မန္တလေးတို့တွင် မူးယစ်ဆေးဝါးများ စံချိန်တင်ဖမ်းမိ** စာမျက်နှာ - ၅

**ဒဂုံမြို့နယ်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး** စာမျက်နှာ - ၉



အတွေးအမြင်

ကြေးမုံ စာ တည်း ရှု ထောင့် — ၇-၃-၂၀၁၆၊ တနင်္လာနေ့

# ကြိုတင်သတိပြုရမည့် သဘာဝဘေး

ကမ္ဘာ့ပြည်သူများ မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသည်မှာ သဘာဝဘေးအန္တရာယ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များတွင် ရေဘေးနှင့် မီးဘေးတို့ကို ရာသီအလိုက်နှစ်စဉ်ကြုံတွေ့ကြရပြီး ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ခြင်းတို့ကို အတွေ့အကြုံအရ အထူးအဆန်းမဟုတ်သလို ရင်ဆိုင်ကြုံတွေ့ ကျော်လွှားနိုင်ကြသည်။

သို့သော် သဘာဝဘေးတစ်မျိုးဖြစ်သည့် ငလျင်ဘေးကိုမူကား ကြုံတောင့်ကြုံခဲ အလှမ်းဝေးသည့် အန္တရာယ်တစ်မျိုးဖြစ်သဖြင့် လူအများ အမှုမဲ့အမှတ်မဲ့ နေထိုင်ကြသည်။ သို့သော် မကြာသေးမီရက်များအတွင်းက မြန်မာနိုင်ငံအတွင်း ငလျင်ငယ်လှုပ်ရှားမှုများ မကြာခဏဆိုသလို ကြားသိကြုံတွေ့လာရသောအခါ အဆိုပါငလျင်ဘေးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အသိအမြင်ဗဟုသုတများ တိုးတက်လေ့လာရတော့မည့် အခြေအနေမျိုးရှိလာပြီဟု ဆိုရမည်ဖြစ်သည်။

ငလျင်ဆိုသည်မှာ ကမ္ဘာမြေလွှာ၏ ပြတ်ရွေ့ကြောများ၊ အက်ကွဲကြောင်းများမှတစ်ဆင့် ပွတ်တိုက်ရွေ့လျားခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည့်ကမ္ဘာမြေလွှာများ လှုပ်ရှားတွန်းကန်ခြင်းဖြစ်သည်။ ထိုငလျင်ဒဏ်ကြောင့် ကမ္ဘာမြေပေါ်ရှိ နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းများကို ငလျင်အင်အား အနည်းအများအပေါ်မူတည်ကာ ဖြစ်ပေါ်တတ်လေ့ရှိသဖြင့် ငလျင်တို့၏သဘောသဘာဝကို သိရှိနားလည်ထားခြင်းဖြင့် ကြိုတင်လုပ်ဆောင်ဖွယ်ရာများကို လုပ်ဆောင်ထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမြေငလျင်သမိုင်းတွင် နှစ်ပေါင်းတစ်ရာအတွင်း ငလျင်ကြီးတစ်ကြိမ်လှုပ်လေ့ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့၏ အစိတ်အပိုင်းဖြစ်သည့် ပဲခူးငလျင်သည်လည်း နှစ်ပေါင်း ရှစ်ဆယ်မှ တစ်ရာအကြားအတွင်း လှုပ်ခတ်ရန် ခန့်မှန်းထားသည့်အတွက် ငလျင်လှုပ်ခတ်ရန် အခွင့်အလမ်းများရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ပြည်သူများအား အသိပေးထားသည်။

ရေဘေး၊ မီးဘေး၊ ဆူနာမီဘေး စသည့်သဘာဝဘေးအန္တရာယ်များကို မည်သည့်အချိန်ကာလတွင် မည်သို့ ဖြစ်နိုင်သည်ကို သက်ဆိုင်ရာပညာရှင်တို့က ခန့်မှန်းနိုင်ကြသော်လည်း ငလျင်ဘေးကိုမူ ကြိုတင်ခန့်မှန်းတွက်ချက်၍ ရနိုင်မည်မဟုတ်ချေ။ သို့သော် ငလျင်၏သဘာဝ၊ ဖြစ်တတ်သောအလေ့အထများကို ခန့်မှန်းတွက်ချက်ကြည့်ခြင်းအားဖြင့် ငလျင်ကြီးများလှုပ်ခတ်နိုင်သည်ကို ကြိုတင်မြော်တွေးနိုင်သဖြင့် လုပ်ဆောင်သင့်သည်များကို ကြိုတင်လုပ်ဆောင်ထားကြရမည်ဖြစ်သည်။

ငလျင်တို့၏ သဘောသဘာဝမှာ လှုပ်ရှားမည့်အချိန်ကြာမြင့်လေ ငလျင်ပြင်းအား ပြင်းထန်လေဖြစ်သည်။ ငလျင်မကြာခဏ လှုပ်ရှားမှုရှိလျှင် ငလျင်ပြင်းအားနည်းပြီး အထိအခိုက်အပျက်အစီးလည်း နည်းပါးမည်ဖြစ်သည်။ ထို့အပြင် ငလျင်ကြောနှင့်လွတ်ခြင်း၊ မလွတ်ခြင်းသည်လည်း ငလျင်လှုပ်ရှားမှုခံရခြင်း၊ မခံရခြင်းနှင့်လည်း သက်ဆိုင်နေသဖြင့် သဘောသဘာဝအစုစုတို့ကို ကြိုတင်စေ့ငုထားရမည်ဖြစ်သည်။

နှစ်ပေါင်း ရှစ်ဆယ်မှ တစ်ရာအကြားတွင်လှုပ်ရှားပါက ပြင်းအားရစ်ချ်တာစကေး ၇ ဝန်းကျင်ခန့်ရှိမည်ဖြစ်ပြီး ထိုအချိန်ကာလမှကျော်လွန်၍ နှစ် ၁၅၀ မှ ၂၀၀ အကြားတွင် လှုပ်ရှားမည်ဆိုပါက ငလျင်ပြင်းအား အလွန်ကြီးမားသွားနိုင်ပြီး လူအများနှင့်အဆောက်အအုံအပျက်အစီးများ ကြီးမားသွားနိုင်ပေသည်။ ငလျင်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လူသိများသော စစ်ကိုင်းပြတ်ရွေ့ပေါ်တွင် မြစ်ကြီးနား၊ စဥ့်ကူး၊ ဝန်းသို၊ တကောင်း၊ မန္တလေး၊ စစ်ကိုင်း၊ ဝမ်းတွင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ ရန်ကုန်နှင့် သုံးခွမြို့နယ်များ တည်ရှိသည်။

သို့သော် ငလျင်နှင့်ပတ်သက်၍ ဖြစ်နိုင်ခြေများတည်ရှိသော်လည်း အထူးတလည် စိုးရိမ်ဖွယ်လိုအပ်မည်မဟုတ်ဘဲ ကြိုတင်သတိပြုထားနိုင်ရန်သာလိုသည်။ အထူးသဖြင့် လူဦးရေနှင့် အဆောက်အအုံထူထပ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကဲ့သို့ မြို့ကြီးများအနေဖြင့် ငလျင်လှုပ်ခတ်မည်ဆိုပါက မည်သို့ဆောင်ရွက်ရမည်ဆိုသည့် သဘာဝဘေးအစီအမံများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် လူမသိသူမသိ သဘာဝဘေးဖြစ်သည့် ငလျင်အန္တရာယ်မှ လျော့နည်းသက်သာစေမည်ဖြစ်သည်။ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသော အငှားအိမ်ရာများအား ပွင့်လင်းမြင်သာစွာ ကိုယ်တိုင်မဲနှိုက်နေရာချထားပေးမည်

**မန္တလေး မတ် ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်းတွင် တည်ဆောက်ပြီးစီးခဲ့သော အငှားအိမ်ရာများအား နှင်းဆီအိမ်ရာဝင်းအတွင်းရှိ ရှင်းလင်းဆောင်တွင် လျှောက်ထားသူကိုယ်တိုင် မဲနှိုက်စနစ်ဖြင့် မတ် ၇ ရက် နံနက် ၉ နာရီတွင် နေရာချထားပေးမည်ဖြစ်သည်။ မဲနှိုက်ခွင့်ရသူများ စာရင်းကိုလည်း နှင်းဆီအိမ်ရာဝင်းအတွင်း ရှင်းလင်းဆောင်တွင်ကပ်၍ ကြေညာထားသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့ပတ်ကမ်းနားလမ်းတစ်လျှောက်ရှိ ဧရာဝတီမြစ်ကြောင်း အခြေပြုကာ လုပ်သားများကို အငှားအိမ်ရာများ အကောင်အထည်ဖော် ဆောက်လုပ်၍နေရာချထားပေးရန် ရည်ရွယ်ကာ အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေကွက်များဖြစ်သော ၁၂ လမ်းနှင့် ၁၄ လမ်းကြား အကွက်၄၄၄/၂ (ဧရိယာ ၃ ဒသမ ၉၁၄ ဧက)နှင့် ၁၉ လမ်းနှင့် ၂၀ လမ်းကြားရှိ အကွက်အမှတ် ၁၀၅ (ဧရိယာ၂ ဒသမ ၁၉၆ ဧက)ရှိ မြေကွက် သုံးကွက်တွင် အာစီ ၁၂ ခန်းတွဲ ၆ ထပ်အဆောက်အအုံ ၂၂ လုံး အကောင်အထည်ဖော်ဆောက်လုပ်ခဲ့သည်။ တိုက်ခန်းပေါင်း ၁၅၈၄ ခန်း ပါဝင်သည်။

အခန်းတစ်ခန်း၏ ဧရိယာမှာ ၁၀ပေ×ပေ၂၀ရှိပြီး ရေပေးဝေရေးစနစ်၊ မီးစနစ်နှင့် အမှိုက်စွန့်ပစ်စနစ်၊ ရေမြောင်းစနစ်နှင့် ဝင်ထွက်လမ်းများ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားသည်။ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဖို့မြေပေါ်တွင် တည်ဆောက်ရသည့်အတွက် မြေသားခံနိုင်မှုစမ်းသပ်ခြင်း၊ Pile Foundation Design တွက်ချက်ခြင်း၊ အဆောက်အအုံဒီဇိုင်းတွက်ချက်ခြင်းများဆောင်ရွက်ခဲ့သည်။ ငလျင်ဒဏ်ရစ်ချ်တာစကေး ၈ ဒသမ ၅ အထိ ခံနိုင်ရန်နှင့် မြစ်ဘေးလေဒဏ်ခံနိုင်ရန် ထည့်သွင်းစဉ်းစားပြီး Pile ရိုက်ခြင်းနည်းပညာဖြင့် တည်ဆောက်ခဲ့သည်။ အဆောက်အအုံ၏ အရည်အသွေး၊ စံချိန်စံညွှန်းများအား ဌာနမှူးများ ဦးဆောင်သော အရည်အသွေးစစ်ဆေးရေးအဖွဲ့ နှစ်ဖွဲ့ဖြင့် အချိန်နှင့် တစ်ပြေးညီစစ်ဆေးဆောင်ရွက်ခဲ့သည်။

အငှားအိမ်ရာ ၁၅၈၄ ခန်းကို ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် မြစ်ကမ်းပါး၌ ယာယီတဲများဖြင့် နေထိုင်ကြသော ကာယလုပ်သားများအား လျှောက်ထားသူကိုယ်တိုင်နှိုက်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ နေရာချထားပေးမည်ဖြစ်သည်။ လစဉ်ငှားရမ်းခ ကျပ် ၃၀၀၀၀ ဖြင့် ရေမီးအပြည့်အစုံ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားရာ လျှောက်ထားသူ ၂၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**





## မင်းဘူးမြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**မင်းဘူး မတ် ၆**

မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် ပူပြင်းခြောက်သွေ့သည့်နွေရာသီအချိန်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှုရှိစေရန်ရည်ရွယ်၍ မင်းဘူးခရိုင်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၄ ရက်က မင်းဘူးခရိုင်ဆည်မြောင်းဦးစီးဌာနသို့ သွားရောက်၍ မီးငြိမ်းသတ်နည်းသရုပ်ပြမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြုံတွေ့လာပါက ရေစိုအဝတ်များအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးများအသုံးပြု၍ မီးငြိမ်းသတ်နည်းများအပြင် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လက်စည်းထင်းများ ရပ်ကွက်အနှံ့လိုက်လံပို့ဆောင်ရောင်းချမှု အဆင်ပြေ

**ပဲခူး မတ် ၆**

ယခုအခါ မြို့နယ် ရပ်ကွက် ကျေးရွာ ဒေသဖွံ့ဖြိုးမှုများရှိလာသည်နှင့်အမျှ လူနေမှုအဆင့်မြင့်မားလာနေကြပြီး လျှပ်စစ်မီးဖို၊ ဂက်(စ်)မီးဖို စသည်တို့ တိုးတက်သုံးစွဲခြင်းများရှိလာကြသော်လည်း ရှေးအစဉ်အလာမပျက် ထင်းဖြင့် ချက်ပြုတ်စားသောက်ခြင်းများ ကျေးရွာများတွင်မက မြို့နယ်၊ ရပ်ကွက်များတွင်ပင် မကွယ်ပျောက်သေးပဲရှိနေသေးကြောင်း သိရသည်။

ပဲခူးမြို့ရပ်ကွက်အသီးသီးသို့ ဆိုင်ကယ်ဖြင့် လက်စည်းထင်းများအားမှာယူသည့် အိမ်တို့နှင့် ကုန်စုံဆိုင်များထံ လိုက်လံပို့ဆောင်ပေးလျက်ရှိကြရာ "လက်စည်းထင်းတစ်စည်းကို ၂၀၀ ကျပ်ယူရပြီး ၂၅၀ ကျပ်ပို့ပေးရပါတယ်။ ဆိုင်ကယ်က အစီးရေ ၁၅၀ လောက်တော့နိုင်ပါတယ်။ ဆီဖိုးဖယ်ပြီး တစ်နေ့ငါးထောင်ကျော်လောက်ကျန်လို့ အဆင်ပြေပါတယ်"ဟု ဆိုင်ကယ်မောင်းသူတစ်ဦးက ဆိုသည်။

**(၅၈၇)**

## နွေရာသီရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကောလင်း မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လာမည့်နွေရာသီကာလတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်စေရေးအဖွဲ့လေးဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်လက်ထောက်ကြီးကြပ်ရေးမှူး ဦးသိဏ်းမောင်၏ ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်စု ၄၇ အုပ်စု၊ ကျေးရွာပေါင်း ၂၁၀ သို့ ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့ပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ပူးပေါင်းသွားကြရေးတို့ကို ဌာနဆိုင်ရာဝန်ထမ်းများမှ တစ်ဖွဲ့လျှင် လေးဦးကျ ဝန်ထမ်းအင်အား ၁၆ ဦးဖြင့် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက်အထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်း ပတ္တမြားသဘာဝဓာတ်ငွေ့သိုက် တိုးချဲ့ဆောင်ရွက်



**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းဖြစ်သည့် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီက ၁၉၉၂ ခုနှစ်တွင် Operator အဖြစ်စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ ပိုက်လိုင်းဖြင့် တင်ပို့လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်သည်။

ရတနာစီမံကိန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀ ကျော်ခန့်ကို ပြည်ပသို့လည်းကောင်း၊ ကုဗပေသန်း ၂၀၀ ခန့်ကို ပြည်တွင်းသုံးစွဲရန်အတွက်လည်းကောင်း၊ နေ့စဉ် ထုတ်လုပ်ပို့လွှတ်လျက်ရှိရာ အမြင့်ဆုံးသဘာဝဓာတ်ငွေ့သိုလှောင်မှုပမာဏကို ၂၀၂၀ ခုနှစ်ထိ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် ကမ်းလွန်လုပ်ကွက် M-5 နှင့် M-6 အတွင်းရှိ ပတ္တမြားဘူမိအနေအထားတွင် ထုတ်လုပ်မှုမြှင့်တင်နိုင်မည့် တွင်းသစ်စီမံကိန်းများကို ယခုစတင်ဆောင်ရွက်နေပြီဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်သို့ ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိရာ Total E&P Myanmar ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Mr. Xavier Preel က ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့် လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နည်းပညာရပ်ဆိုင်ရာ မန်နေဂျာက စီမံကိန်းကာလအတွင်း အပိုင်းလိုက် ပြင်ဆင်၊ တိုးချဲ့ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေသော ပတ္တမြားဘူမိအနေအထားမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသားများကို ကုမ္ပဏီ၏ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းများ၌ အရေအတွက် တိုးတက်ခန့်ထားပေးမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်ထုတ်လုပ်ရေးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများနှင့် Total E&P Myanmar ကုမ္ပဏီမှ ဝန်ထမ်းများကို သစ်သီးခြင်းလက်ဆောင်ပေးအပ်ကာ ထုတ်လုပ်ရေးစင်ပေါ်၌ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးနေသော စီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလုပ်ဆောင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်းအောင် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အဓိကအားဖြင့်စီမံကိန်းဧရိယာအတွင်း၌ရှိသော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း နှစ်အလိုက်ဘတ်ဂျက်ငွေများ ခွဲဝေလျာထားဆောင်ရွက်လျက်ရှိရာ စီမံကိန်းစတင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အချိန်ထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈ သန်းခန့်ကို ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ပြုပြင်ခြင်းများတွင် သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုံရွာအကျဉ်းထောင်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးဆံပင်မိတ်ကပ်ပြင်သင်တန်းဆင်း

**မုံရွာ မတ် ၆**

အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် အကျဉ်းသားအကျဉ်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မုံရွာအကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများ ဆံပင်မိတ်ကပ်ပြင်သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မုံရွာအကျဉ်းထောင်အတွင်းရှိ အမျိုးသမီး အကျဉ်းဆောင်တွင် ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲ အခမ်းအနားတွင် မုံရွာအကျဉ်းထောင် တာဝန်ခံဦးစီးအရာရှိ ဦးသိန်းလွင်က "မုံရွာအကျဉ်းထောင်သို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော်လည်း ပြစ်ဒဏ်ကျခံပြီးနောက် ပြင်ပနယ်ပယ်ကိုရောက်ရှိပါက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး အခုလိုသင်ကြားပေးခြင်း ဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို တတ်မြောက်ထားပါက မိမိနေထိုင်ရာ လူမှုနယ်ပယ်တွင် အကျိုးပြုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးအနေနဲ့ ကြိုးစားသင်ယူခဲ့မယ်လို့ ယုံကြည်ပါတယ်"ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆံပင်မိတ်ကပ် အလှပြင်သင်တန်းကို အကျဉ်းသူများအားသုံးလကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**



## လူငယ်တစ်ဦး မိမိကိုယ်မိမိ အဆုံးစီရင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၆**

ရန်ကုန်မြို့ လသာမြို့နယ် (၁၈)လမ်းနှင့် စဉ့်အိုးတန်းလမ်းအကြားရှိ မဟာဗန္ဓုလလမ်း အထက်ခြမ်း Donut King ကော်ဖီဆိုင်တွင် မတ် ၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ချစ်သူနှစ်ဦးစကားများရာမှ အသက် (၂၄) နှစ်အရွယ်ရှိ ဒေါပုံမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ကိုညီညီထွန်းသည် မိမိရင်အုံကိုမိမိ ဓားဖြင့် ထိုးသွင်းခဲ့သည်။

ယင်းနောက် မဟာဗန္ဓုလလမ်းကို ဖြတ်ကူးကာ စဉ့်အိုးတန်းလမ်းထိပ်အနီးရှိ ဇီဝမွန်ဆေးခန်းရှေ့အရောက်တွင် လဲကျသေဆုံးသွားသည်ဟု သိရသည်။ သေဆုံးသူတွင် ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး မှုခင်းဖြစ်စဉ်အသေးစိတ်ကို လသာမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**မောင်စေအောင်**

## လမ်းလယ်တုံးစီတန်းချထားသော်လည်း လိုင်းကားအချို့ စည်းကမ်းမဲ့မောင်းနှင်မှုရှိနေဆဲ

**ရန်ကုန် မတ် ၆**

တစ်လမ်းမောင်းလမ်းမကြီးဖြစ်သော မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းလယ်ကပ်တုံးဝါများ စီတန်းချထားသည်ကို မြင်တွေ့ရသော်လည်း လမ်းသစ်လမ်းနှင့်ဘုန်းကြီးလမ်းအပိုင်းတွင် လိုင်းကားယာဉ်ကြီးအချို့အနောက်မှအရှေ့သို့မောင်းနှင်ရာတွင် လိုင်းကားယာဉ်ကြောမဟုတ်သည့် လမ်းလယ်တုံးများ၏အခြားတစ်ဖက်မှ မောင်းနှင်နေသည်ကို မြင်တွေ့နေရဆဲဖြစ်သည်။

ပုံမှန်ရက်ထက် ယာဉ်အသွားအလာနည်းသော တနင်္ဂနွေနေ့ဖြစ်သည့် ယနေ့နံနက် ၈ နာရီခန့်တွင် မြောက်ဥက္ကလာ-ကြည့်မြင်တိုင်-တာမွေအဝိုင်းပတ်အထူးယာဉ်လိုင်းကားကြီးတစ်စီးသည် လိုင်းကားယာဉ်ကြောမဟုတ်သည့် လမ်းလယ်တုံးဝါတန်းများဖြင့် ခွဲခြားထားသော အခြားတစ်ဖက်မှ မောင်းနှင်ဝင်ရောက်လာသည်။ ယင်းလမ်းမကြီးပေါ်တွင် ယာဉ်ဖြတ်လမ်းအဖြစ် ဖွင့်ပေးထားသော လှည်းတန်းလမ်းထိပ်မှကွေ့၍ လမ်းကြောင်းယာဉ်ကြောအမှန်ပေါ်သို့ ကွေ့ဝင်ရာ လမ်းကြောင်းအမှန် မောင်းနှင်လာသော အခြားလိုင်းကားတစ်စီး၊ လမ်းဘေးတွင်သန့်ရှင်းရေးလုပ်နေသော အလုပ်သမားတစ်ဦးတို့နှင့် ဆုံတွေ့ခဲ့ရသည်ဟု မြင်တွေ့ခဲ့ရသူတစ်ဦးကဆိုသည်။

ရန်ကုန်မြို့တွင် တစ်လမ်းမောင်း၊ နှစ်လမ်းမောင်းလမ်းမအများစုတွင် လမ်းတားတုံးများကို ငွေကြေးအကုန်ကျခံကာ ယာဉ်ကြောအမှန်မောင်းနှင်ရေးအတွက် သက်ဆိုင်ရာက လုပ်ဆောင်ထားသည်။ သို့သော် ယာဉ်မောင်းအချို့ လေးစားလိုက်နာမှု အားနည်းနေဆဲဖြစ်သည်။

နှစ်လမ်းမောင်းကားလမ်းမများတွင် ယာဉ်ကြောပြောင်းပြန်မောင်းနှင်ပါက ထောင်ဒဏ်တစ်လဟု အသိပေးစာတန်းများ လိုင်းကားကြီးအချို့၏ ယာဉ်မောင်းခန်းရှေ့တွင် ချိတ်ဆွဲထားမှု မြင်တွေ့ရသည်။ သို့သော် နှစ်လမ်းမောင်းကားလမ်းမဖြစ်သော ဘုရင့်နောင်လမ်းမကြီး ယာဉ်ကြောအပြည့်ပိတ်ဆို့နေသည့်အချိန်တွင် လမ်းတားတုံးများအပြင်ဘက် ဆန့်ကျင်ဘက်ယာဉ်ကြောပေါ် တက်ရောက်မောင်းနှင်ကာ ယာဉ်ဖြတ်လမ်းပေါက်များမှ ပြန်လည်ဝင်ရောက်မောင်းနှင်မှုများ အထူးသဖြင့် ညပိုင်းတွင် မြင်တွေ့ရသည်။ စစ်ကြောရေးမှတ်တိုင်၊ ရေကြောင်း၊ သဘော်ာကျင်းမှတ်တိုင်အနီးတို့တွင် မြို့ထဲသွား လိုင်းကားကြီးများ၊ သီရိမင်္ဂလာဈေးသစ်ကွေ့ လှိုင်သာယာကြား ကား၊ ဒိုင်နာကားများသည် ဘုရင့်နောင်လမ်းမ လမ်းလယ်တုံးများအပြင်ဘက် ဆန့်ကျင်ဘက်ယာဉ်ကြောပေါ် တက်ရောက်မောင်းနှင်မှုရှိသည်။

တစ်လမ်းမောင်းလမ်းမကြီးဖြစ်သော အနော်ရထာလမ်းမကြီးပေါ်တွင် လိုင်းကားယာဉ်ကြောအဖြစ် တုံးဝါများချထားသော်လည်း စည်းကမ်းမဲ့မောင်းနှင်မှုများအတွက် မတ် ၄ ရက် ည ၈ နာရီခွဲခန့်တွင် ယင်းလမ်းမနှင့် (၁၃)လမ်းထိပ် မီးပွိုင့်မိ၍ ရပ်ထားကြသော လိုင်းကားကြီးနှင့် ဟိုက်ဂျက်ယာဉ်မောင်းတို့ စကားအချေအတင်များကာ ရိုက်နှက်မှုဖြစ်ပွားပြီး သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားမှုရှိသည်ဟု မတ် ၆ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

လမ်းလယ်တုံးများချထားသော်လည်း စည်းကမ်းမဲ့မောင်းနှင်မှုများရှိနေဆဲဖြစ်၍ မဟာဗန္ဓုလလမ်း၏လမ်းသစ်လမ်းလူကူးခုံးကျော်တံတားအနီး သက်ဆိုင်ရာမှ လှည့်ကင်းယာဉ်ဖြင့် နံနက်ပိုင်း စောင့်ကြည့်အရေးယူမှုရှိသော်လည်း လှည့်ကင်းမရှိသည့် ကျန်အချိန်တွင် လိုင်းကားကြီးအချို့ ယာဉ်ကြောအမှန်မောင်းနှင်မှုမရှိခြင်း လမ်းဘေးအစွန်ယာဉ်ကြောပေါ်တွင် ယာဉ်ကြီးယာဉ်ငယ်ရပ်တန့်ထားသဖြင့် လမ်းလယ်ယာဉ်ကြောတစ်ကြောသာ မောင်းနှင်နိုင်မှုများရှိနေဆဲဖြစ်သည်။ သို့ဖြစ်ရာ လမ်းလယ်တုံးများချထားမှုနှင့်အတူ စည်းကမ်းတကျမောင်းနှင်မှုရှိရေးအတွက် အလေးထားစောင့်ကြည့်အရေးယူမှုရှိရန် လိုအပ်နေသည်ဟု ယင်းနေရာဝန်းကျင်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

**မောင်စေအောင်**

# တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်း ကင်းလှည့်

**ဝါရှင်တန် မတ် ၆**

တရုတ်နိုင်ငံက ကာကွယ်ရေးဆိုင်ရာ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေသည့် တောင်တရုတ်ပင်လယ်အတွင်းသို့ အမေရိကန်က လေယာဉ်တင်သင်္ဘောတစ်စင်းကို ကင်းလှည့်သည့်အနေဖြင့် ခုတ်မောင်းစေခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ယနေ့ပြောကြားခဲ့သည်။

"ယူအက်စ်အက်စ် ဂျွန်စီ စတင်းနစ်" အမည်ရှိ လေယာဉ်တင်သင်္ဘောသည် ဖေဖော်ဝါရီ ၄ ရက်က တောင်တရုတ်ပင်လယ်သို့ရောက်နှင့်နေပြီး ပင်လယ်အတွင်း ကင်းလှည့်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လေယာဉ်တင်သင်္ဘောကို စစ်သင်္ဘောသုံးစင်းက ဘေးမှ လိုက်ပါဝန်းရံထားသည်။ အခြားသော အမေရိကန်သင်္ဘောများသည် တောင်တရုတ်ပင်လယ်အတွင်းတွင် လွန်ခဲ့သော ရက်သတ္တပတ်ကတည်းက ကင်းလှည့်လျက်ရှိသည်ဟု ကာကွယ်ရေးဌာနက ဆိုသည်။

ထိုသို့စစ်သင်္ဘောများ ကင်းလှည့်ရခြင်းမှာ လွန်ခဲ့သောလက တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားကျွန်းများပေါ်တွင် ရေဒါစနစ်များ တပ်ဆင်ထားခြင်းကြောင့်ဖြစ်သည်။

အမေရိကန်အစိုးရက တောင်တရုတ်ပင်လယ်အတွင်းတွင် ကာကွယ်ရေးအဆောက်အအုံများ ထပ်မံတိုးချဲ့ခြင်း မပြုရန် ပေကျင်းကို တောင်းဆိုထားသည်။ အမေရိကန်အနေဖြင့် တရုတ်တည်ဆောက်ထားသော ကျွန်းတုများအနီးရှိ နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်းတွင် လေယာဉ်များလွတ်လပ်စွာပျံသန်းမည်ဖြစ်ကြောင်းကိုလည်း ကာကွယ်ရေးဌာနက ဆက်လက်ပြောသည်။

တောင်တရုတ်ပင်လယ်အတွင်းသို့ အမေရိကန်သင်္ဘောများနှင့်လေယာဉ်များ တပ်ဖြန့်ထားခြင်းမှာ တရုတ်နိုင်ငံအတွက် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း လေ့လာစောင့်ကြည့်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# တောင်းရမ်းစားသောက်မှုပိတ်ပင်ရေးဥပဒေသစ် ထိုင်းနိုင်ငံ၌ အတည်ပြု

**ဗန်ကောက် မတ် ၆**

ထိုင်းနိုင်ငံ၌ အများပြည်သူဆိုင်ရာ နေရာများတွင် တောင်းရမ်းစားသောက်မှုပြုလုပ်ခြင်းကို ပိတ်ပင်ရန်နှင့် လမ်းဘေးပြပွဲ၊ ဖျော်ဖြေပွဲပြုလုပ်ခြင်းမှတစ်ဆင့် ငွေရှာခြင်းတို့ကို ထိန်းချုပ်နိုင်ရန် အမျိုးသားဥပဒေပြုလွှတ်တော်က ဥပဒေတစ်ရပ်ကို အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။



ယခု အတည်ပြုပေးလိုက်သော ဥပဒေသစ်သည် လွန်ခဲ့သည့် ၇၅ နှစ်က ပြဋ္ဌာန်းခဲ့သော တောင်းရမ်းစားသောက်ခြင်း ပိတ်ပင်ရေးဥပဒေ၏နေရာတွင် အစားထိုးမည်ဖြစ်သည်။ ဥပဒေသစ်အရ တောင်းရမ်းစားသောက်ခြင်းကို ပြစ်မှုမြောက်သည့်လုပ်ရပ်အဖြစ်သတ်မှတ်ပြီး တောင်းရမ်းစားသောက်မှု အားပေးသူများကိုလည်း ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်သည်။

အများပြည်သူဆိုင်ရာနေရာများ၌ တောင်းရမ်းစားသောက်နေသည်ကို တွေ့မြင်သည်နှင့်တစ်ပြိုင်နက် ၎င်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးကာ ထိုင်းလူမျိုးဖြစ်ပါက အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းသို့ လွှဲအပ်မည်ဖြစ်ပြီး နိုင်ငံခြားသား တောင်းရမ်းသူဖြစ်ပါက ၎င်းကို ပြည်နှင်ဒဏ်ပေးမည်ဖြစ်သည်။

လမ်းဘေးတွင် ပြပွဲ၊ ဖျော်ဖြေပွဲပြုလုပ်ခြင်းမှ ဝင်ငွေရှာဖွေခြင်းကို တောင်းရမ်းစားသောက်မှုအဖြစ် သတ်မှတ်မည်မဟုတ်သော်လည်း လိုင်စင်ခွင့်ပြုချက်ရယူ၍ စနစ်တကျ လုပ်ဆောင်ရန် ဥပဒေတွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၌ ၁၉၄၁ ခုနှစ်က တောင်းရမ်းစားသောက်မှုထိန်းချုပ်ရေးအက်ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေအရ တောင်းရမ်းစားသောက်ခြင်းနှင့် လမ်းဘေးပြပွဲ၊ ဖျော်ဖြေပွဲပြုလုပ်ခြင်းတို့ကို ခွဲခြားသတ်မှတ်ထားခြင်းမရှိပေ။

**ဆင်ဟွာ။**

# နျူကလီးယားစက်ရုံများ လုံခြုံရေးအတွက် ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင်များဖြန့်ကြက်မည်

**ဘရပ်ဆယ်လ် မတ် ၆**

ဘယ်လ်ဂျီယံနိုင်ငံ၌ နျူကလီးယား ဓာတ်အားပေးစက်ရုံများ လုံခြုံရေးအတွက် အထူးစစ်ဆင်ရေးလုပ်ငန်းတစ်ရပ်အဖြစ် ကြည်းတပ် တပ်ဖွဲ့ဝင် ၁၄၀ ကို ဖြန့်ကြက်သွားမည်ဟု ဝန်ကြီးအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ လွန်ခဲ့သည့်နိုဝင်ဘာလက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံ၌ လုံခြုံရေးဆိုင်ရာ အထူးအစီအစဉ်တစ်ရပ်အဖြစ် နျူကလီးယားစက်ရုံများ လုံခြုံရေးအတွက် ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီး ဂျန်ဂျမ်ဘွန်က ကြည်းတပ်တပ်ဖွဲ့ဝင်များအား ကင်းလှည့်စောင့်ရှောက်စေရန် ဝန်ကြီးအဖွဲ့ထံ တင်ပြခဲ့သည်။

ဘယ်လ်ဂျီယံရှိ နျူကလီးယားစက်ရုံများကို အကြမ်းဖက် တိုက်ခိုက်ရန် စီစဉ်နေဖွယ်ရှိသည်ဟု အကြမ်းဖက်သမားတစ်ဦးအဖြစ် မသင်္ကာသူတစ်ဦး၏ နေအိမ်မှ သိမ်းဆည်းရမိသော ဗီဒီယိုခွေအထောက်အထားအရ သိရှိရကြောင်း အာရ်တီအယ်လ်အင်ဖို ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ကြည်းတပ်တပ်ဖွဲ့ဝင်များက ကာကွယ်စောင့်ရှောက်ပေးမည့် နျူကလီးယားစက်ရုံ ငါးရုံရှိပြီး လုံခြုံရေးအထူးအစီအစဉ်ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်ကို အီလက်ထရာဘဲ လျှပ်စစ်ဓာတ်အားကုမ္ပဏီက ကျခံမည်ဖြစ်သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံ ရှင်ကျန်းဒေသဖွံ့ဖြိုးရေး ဒေါ်လာ ၁၇ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်

**ပေကျင်း မတ် ၆**

တရုတ်နိုင်ငံရှိ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားတတ်သော ရှင်ကျန်းဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းပေါင်း ၁၀၀ အကောင်အထည်ဖော်နိုင်ရန် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဒေသ၌ မကြာသေးမီနှစ်များအတွင်း မငြိမ်မသက်ဖြစ်ခဲ့ရပြီး အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။ ရှင်ကျန်းဒေသ၌ အရှေ့တာကက်ရှ်စတန်ဟုခေါ်တွင်သော လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံ ထူထောင်နိုင်ရန် အစ္စလာမ့်စစ်သွေးကြွများက လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်မှုများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရာတစ်ရပ်မှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးလာစေရန် တရုတ်အစိုးရအဖွဲ့က ရန်ပုံငွေများစွာသုံးစွဲ၍ ဆောင်ရွက်သွားရန် စီစဉ်ခြင်းဖြစ်သည်။

ရှင်ကျန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် အလုပ်အကိုင်များ ဖန်တီးပေးရေး၊ နေအိမ်များ တည်ဆောက်ပေးရေး၊ လယ်ယာစိုက်ပျိုးလုပ်ငန်းဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး စသည့်လုပ်ငန်းစီမံကိန်းများပါဝင်ကြောင်း ဒေသဆိုင်ရာ ပါတီကော်မတီ၏ အမြဲတမ်းကော်မတီက ပြောကြားသည်။

**ဆင်ဟွာ။**

# ဂျပန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်ဖွားကလေးငယ် ၂၉ ဦးတွင် တစ်ဦး၏ မိခင်၊ ဖခင်များသည် နိုင်ငံခြားသားများဖြစ်နေကြောင်း တွေ့ရှိ

**တိုကျို မတ် ၆**

ဂျပန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း မွေးဖွားခဲ့သော ကလေးငယ် ၂၉ ဦးတွင် တစ်ဦး၏ မိခင်၊ ဖခင်များသည် နိုင်ငံခြားသားများဖြစ်နေသည်ကို တွေ့ရှိရကြောင်း ဂျပန်အစိုးရအဖွဲ့၏ အသေးစိတ်အချက်အလက်များကို ကိုးကားပြီး ကျိုဒိုနယူးစ်ကဆိုသည်။

ကလေးငယ်များ၏မိခင်(သို့မဟုတ်) ဖခင်တစ်ဦးဦးသည် နိုင်ငံခြားသူ၊ နိုင်ငံခြားသားများ ဖြစ်နေသည့်အတွက် ကလေးငယ်များတက်ရောက်မည့်ကျောင်းများနှင့် ဆေးကုသရေးစင်တာများတွင် ဂျပန်ဘာသာစကားနားလည်နိုင်စေရန် ဘာသာစကားအထောက်အကူပြု လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း မွေးဖွားခဲ့သောကလေးငယ် ၁ ဒသမ ၀၂ သန်းအနက် ခန့်မှန်းခြေ ၃၅၀၀၀ (၃ ဒသမ ၄၀ ရာခိုင်နှုန်း) ခန့်၏ မိခင်၊ ဖခင်တို့မှာ နိုင်ငံခြားသားများဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားရေးရာနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနကတင်သွင်းသည့် လူဦးရေတွက်ချက်မှုစာရင်းဇယားအရ သိရသည်။

စာသင်ကျောင်းများတွင် တက်ရောက်နေသည့် အဆိုပါကလေးငယ်များသည် ဂျပန်နိုင်ငံသားများဖြစ်သော်လည်း ဂျပန်ဘာသာစကားသင်ယူရန် လိုအပ်မှုများရှိနေကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် လေ့လာမှုတစ်ရပ်အရ သိရသည်။ အဆိုပါကလေးငယ်များသည် ၎င်းတို့အိမ်တွင် အခြားသောဘာသာစကားတစ်မျိုးမျိုး ပြောကြသည့်အတွက် ဂျပန်ဘာသာစကားကို သင်ယူရန် လိုအပ်နေခြင်းဖြစ်ကြောင်း နိုင်ငံခြားသားအထောက်အကူပြုအဖွဲ့များက ဆိုသည်။

၂၀၁၄ ခုနှစ်အတွင်းမွေးဖွားသော ကလေးများ၏ နိုင်ငံခြားသားမိခင်၊ ဖခင်တို့၏အများဆုံးလူမျိုးမှာ တရုတ်နိုင်ငံသားများဖြစ်ကြပြီး နိုင်ငံခြားသားဖခင် ဒုတိယအများဆုံးမှာ ကိုရီးယားနိုင်ငံသားများဖြစ်ကာ တတိယအများဆုံးမှာ အမေရိကန်နိုင်ငံသားများဖြစ်သည်။ နိုင်ငံခြားသားမိခင် ဒုတိယအများဆုံးလူမျိုးမှာ ဖိလစ်ပိုင်နှင့် တတိယအများဆုံးမှာ ကိုရီးယားနိုင်ငံသူများဖြစ်ကြသည်။

အဆိုပါကလေးငယ်များ၏ ၅ ဒသမ ၉၂ ရာခိုင်နှုန်းကို တိုကျိုမြို့တော်တွင် မွေးဖွားခဲ့ပြီး ၄ ဒသမ ၉၃ ရာခိုင်နှုန်းကို အိချိစီရင်စုနှင့် ၄ ဒသမ ၈၁ ရာခိုင်နှုန်းကို ဂန်းမစီရင်စုတွင် မွေးဖွားခဲ့ကြောင်း သိရသည်။

**ကျိုဒိုနယူးစ်။**



# ရန်ကုန်နှင့် မန္တလေးတို့တွင် စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ၊ အိုက်စ်နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ စံချိန်တင်ဖမ်းမိ



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-မူးယစ်)


မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-မူးယစ်)

**နေပြည်တော် မတ် ၆**

မတ် ၃ ရက်က မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၄၂)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(C)ဆောင် အခန်း(၂၀၈) (ပထမထပ်)နေ စောဘာလာစော၏အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်သန်း၊ သက်နိုင်၊ ကျော်မင်း ဦး၊ မနားယူဟက်နှင့် မရှိဆာမီတို့အားတွေ့ရပြီး ဆက်လက်ရှာဖွေရာ ဧည့်ခန်းနှင့်ကပ်လျက် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၄ သိန်း၊ အိုက်စ် ၄၄ ဂရမ်၊ ဘိန်းမဲ ၅၂ ဂရမ်၊ မြန်မာငွေကျပ် သိန်း ၁၀၀၊ မော်တော်ယာဉ်နှစ်စီးနှင့် လက်ကိုင်ဖုန်း ခြောက်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် စောဘာလာစော (ခ)ဝဏ္ဏစိုး(၃၉)နှစ်၊ ဇော်သန်း(၄၂)နှစ်၊ သက်နိုင်(ခ) ဂျမာလူတင်(၃၅)နှစ်၊ ကျော်မင်းဦး(ခ) ရီနွတ်(၃၇)နှစ်၊ မနားယူဟက်(၃၂)နှစ်နှင့် မရှိဆာမီ(၁၉)နှစ်တို့ ခြောက်ဦးအား ဘုရင့်နောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မတ် ၅ ရက်တွင် မူးယစ်တပ်ဖွဲ့ခွဲ(၁)နှင့် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း)မှတပ်ဖွဲ့ဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် မှုခင်းအကူဌာန၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက် (ဇ)ရပ်၊ (၆၁) လမ်း၊ စံပြလမ်းနှင့် မင်္ဂလာလမ်းကြား အမှတ်(နန-၉/၁၈)တွင် ငှားရမ်းနေထိုင်သူ ကွတ်ခိုင်မြို့နေ ကျော်ကျော်(ခ) လျိုဇီရှောင်(ခ) အိုက်ပေါင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ကျော်သူမင်း၊ အောင်နိုင်နှင့် ဖိုးချမ်းတို့ သုံးဦးအားတွေ့ရှိရပြီး ခြံဝင်းအတွင်း မြေပြင်ပေါ်တွင်ချထားသော ကွန်တိန်နာဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ဒသမ ၀၇၈ သိန်း၊ အိုက်စ် ၈၂ ကီလို၊ ဘိန်းဆီခဲ ၁၅ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၃၇ ကီလိုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ကျော်သူမင်း(၂၇)နှစ်၊ အောင်နိုင် (၂၈) နှစ်၊ ဖိုးချမ်း(၂၅) နှစ်နှင့် ကျော်ကျော်(ခ) လျိုဇီရှောင်(ခ) အိုက်ပေါင် (ဖမ်းမမိသေး) (၃၉)နှစ်တို့ လေးဦးအား ပြည်ကြီးတံခွန် မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဲဇာချောင်းကူးတံတားပေါ်တွင် ချားရဟတ်အဖွဲ့မှ ပစ္စည်းများတင်ဆောင်လာသောယာဉ်တစ်စီး တိမ်းမှောက်

**အင်းတော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်တွင် (ချားရဟတ်)အဖွဲ့မှ ပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်မှု မတ် ၆ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၉ နာရီတွင် ရဲအုပ်စိုးလှိုင်သည် မဲဇာရဲကင်းစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်တွင် ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဝန်းသို-နန်းခမ်း-မဲဇာ ကားလမ်းအတိုင်း ယာဉ်မောင်း တင်ဌေးမောင်းနှင်သည့် ခြောက်ဘီး အဖြူရောင်ယာဉ်သည် စိုးမိုးအောင် (ချားရဟတ်)အဖွဲ့မှ ပစ္စည်းများ တင်ဆောင်မောင်းနှင်လာစဉ် မဲဇာချောင်းပေါ်ရှိ ယာရီကားကူးတံတားအား ဖြတ်သန်းမောင်းနှင်စဉ် တံတား အလယ်အရောက်တွင် တံတားကျိုးကျပြီး ယာဉ်မှာယာဘက် အခြမ်းသို့ တစောင်းလဲကျကာ မဲဇာချောင်းအတွင်းသို့ ပြုတ်ကျသွားခြင်းဖြစ်ကြောင်း၊ လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(မောင်ချစ်လင်း)**

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



# အမြန်လမ်း မိုင်တိုင်အမှတ် (၃၂၃/၁)အနီး ဘုရားဖူးယာဉ်တိမ်းမှောက် ယာဉ်မောင်းအပါအဝင် လူကိုးဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရ

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ် (၃၂၃/၁)အနီး၌ မတ် ၆ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ပြီး ယာဉ်ပေါ်စီးနင်းလိုက်ပါလာသည့် လူကိုးဦး သေဆုံးကာ ၁၆ ဦး ဒဏ်ရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ အင်းစိန်ရွာမတွင်နေထိုင်သူ ယာဉ်မောင်း ဦးခင်မောင်ဆွေ မောင်းနှင်လာသည့် ကန်တာအဖြူရောင် ယာဉ်အမှတ် 5G /. . . သည် အမြန်လမ်း မိုင်တိုင်(၃၂၃/၁)အနီး၌ တိမ်းမှောက်မှုဖြစ်ပွားပြီး ၂၆ ဦး ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာရာ ယာဉ်မောင်းအပါအဝင် လူကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။

"ကျွန်တော်တို့ဆီကို ယာဉ်တိမ်းမှောက်တဲ့သတင်း နံနက် ၆ နာရီ မိနစ် ၂၀ ခန့်မှာ ဖုန်းဝင်လာတယ်။ ဖုန်းဝင်လာချင်း ကျွန်တော့်ဆီက ကြက်ခြေနီတပ်ဖွဲ့ဝင်လေးဦးပါ အရေးပေါ်လူနာတင်ယာဉ်နဲ့ ရောက်သွားချိန်မှာ တိမ်းမှောက်တဲ့ယာဉ်ပေါ်က ခရီးသည်တွေကို ဆွဲထုတ်နေတုန်းရှိပါတယ်။ လမ်းသွားလမ်းလာ မော်တော်ယာဉ်တွေကလည်း ဝိုင်းဝန်းကူညီကြတယ်။ ကိုးဦးကို မန္တလေးဆေးရုံကြီးပို့ဆောင်စဉ် သုံးဦးက လမ်းမှာဆုံးသွားတယ်။ ခြောက်ဦးက ဆေးရုံရောက်မှ ဆုံးတာပါ။ ယာဉ်ပေါ်ပါလာသူ ၂၆ ဦးထဲမှ လုံးဝဒဏ်ရာမရှိတဲ့သူက မခိုင်ချိုချိုဝင်း (၂၃)နှစ် မြောင်းမြမြို့နေထိုင်သူ ဖြစ်ပါတယ်"ဟု မိတ္ထီလာ(၂၈၅)မိုင် သီးကုန်းအမြန်လမ်း အရေးပေါ် ရှေးဦးပြုစုခြင်းစခန်းမှ ခရိုင်ဦးစီးမှူး(ဒု)ဦးနေဦးက ပြောသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာနေရာသို့ စကားအင်း အမြန်လမ်းရဲစခန်း၊ ပြင်စည်အမြန်လမ်းရဲစခန်း၊ ပြင်စည်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ အချိန်မီရောက်ရှိဝိုင်းဝန်းကူညီခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကမ္ဘာ့ရွာထဲက မြန်မာ

ဦးဟန်ညွန့်(ဥပဒေ)

ကမ္ဘာထဲမှာ မြန်မာရှိသည်။ကမ္ဘာ့မြေပုံထဲမှာ မြန်မာပြည်ပုံကသေးသေးလေး၊ သေးသေးလေးပေမယ့် အထင်မသေးနှင့်။ စိမ်းလန်းစိုပြည်မြန်မာမြေ။ ရွှေရောင်တဝင်းဝင်းနှင့် မြန်မာပြည်။ မြန်မာ Golden Land ဟုထင်ရှားသည်လေ။

**ဆင်းရဲသောတိုင်းပြည်. . တဲ့**

မြန်မာသည် ဆင်းရဲသောတိုင်းပြည်ဖြစ်သည်. . တဲ့။ အာရှအဆင်းရဲဆုံးနိုင်ငံများစာရင်းမှ ပါဝင်သည်. . တဲ့။ မြန်မာတစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် ၁၇၁၁ အမေရိကန်ဒေါ်လာသာရှိသည်. . တဲ့။ စီးပွားရေး စီမံခန့်ခွဲမှုညံ့ဖျင်းမှားယွင်းမှုကြောင့် မြန်မာဆင်းရဲရသည်. . . တဲ့။ မည်သူက ပြောတာလဲ။ Asian Ranking အစီရင်ခံစာကထုတ်ပြန်ခြင်းဖြစ်သည်. . . တဲ့။ ကမ္ဘာ့သတင်းတစ်ပုဒ်ဖြစ်ပါသည်။ ဘာလုပ်ကြမည်လဲ။

**သုံးသပ်ဆင်ခြင်ပြင်ဆင်**

ကိုယ့်အပြစ် ကိုယ်မမြင်တာမျိုးရှိတတ်သည်။ အမှန်ပြောလျှင် မကြိုက်တာလည်း ရှိတတ်သည်။ ဝေဖန်ချက်သည် တန်ဖိုးရှိစမြဲ။ ဤမူသဘောဖြင့် မိမိကိုယ်မိမိ ဝေဖန်ရေးပြုလုပ်ပေးသင့်သည်။ စီးပွားရေးဆိုသည်မှာ ပြောသလောက်မလွယ်။ စီးပွားရေးစီမံခန့်ခွဲမှုအကြောင်းကို စီးပွားရေးပညာရှင်တွေက ပို၍နားလည်ကြမှာပါ။ ဝေဖန်သုံးသပ်ပေးကြပါ။ အကြံပြုကြပါ။ ပွင့်ပွင့်လင်းလင်းထောက်ပြချိန်ရောက်ပါပြီ။

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (W.T.O)အကြောင်း၊ ဂတ်(GATT)အကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ကျင့်သုံးလျက်ရှိသောအခြေခံမူများအကြောင်း (ဥပမာ)-

(က) အဖွဲ့ဝင်နိုင်ငံများအားခွဲခြားမှုမရှိခြင်းမူ၊
(ခ) ပိုမို လွတ်လပ်စွာ ကုန်သွယ်ရေးမူ၊
(ဂ) ကြိုတင်တွက်ဆခန့်မှန်းနိုင်ရေးမူ၊
(ဃ) မျှတသောပြိုင်ဆိုင်မှု မြှင့်တင်ရေးမူ၊
(င) ဖွံ့ဖြိုးဆဲ နိုင်ငံများအား ပိုမိုအခွင့်အရေးပေးရေးမူများအကြောင်းတွေ အခြေခံလောက်တော့ သိကျွမ်းသင့်သည်။ ပညာရှင်တွေ ပညာပေးကြသည်။ လေ့လာသူတွေ လေ့လာပြီး ကမ္ဘာ့ကုန်သွယ်ရေးလောကနှဲပျော်ကြမည်။

**ဥပဒေ**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည် စီးပွားရေးဆိုင်ရာဥပဒေဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကိုလည်း ၃၁-၁-၂၀၁၃ ရက်စွဲဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဥပဒေစာအုပ်များလည်းဖြန့်ဝေထားသည်။ အခြားအခြားသော ဥပဒေများလည်း လေ့လာစရာရှိသေးသည်။

**ဥပဒေအာမခံချက်ရှိသလား**

"မင်းတို့ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမယ်၊ စီးပွားရေးလာလုပ်မယ်၊ ဥပဒေကဘာအာမခံချက်ရှိသလဲ" ဟူသော မေးခွန်း။ မကြာခဏဤမေးခွန်းကိုပဲ ဦးစွာဖြေနေကြရသည်။ ဥပဒေပညာရှင်ရှေ့နေကြီးများအတွက် ထက်ထက်မြက်မြက်ဖြေရသည့် ဥပဒေမေးခွန်းပါပဲ။ မြန်မာ့ဥပဒေအကြောင်း၊ နိုင်ငံခြားရင်းနှီးမှုအကြောင်း (အစီအစဉ်မျိုးစုံဖြင့်) ကမ္ဘာသို့ သတင်းဖြန့်ဖို့လိုမည်။ သတင်းဖြန့်နေကြောင်းလည်း သိပါသည်။ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ကမ္ဘာ့ရွာကို မဖြန့်သင့်ဘူးလား။ ဥပဒေမသိ၊ ဥပဒေမရှိ မဖြစ်စေလိုပါ။

**ပညာရှင်သုတေသီများ**

စီးပွားရေးပညာရှင် သုတေသီများ၏ အကြံဉာဏ်အား၊ ခွန်အားကို များစွာလိုသည်။ ဥပဒေပညာရှင်များ၏ စီးပွားရေးဥပဒေပို့ချချက်များ၊ ဆွေးနွေးချက်များ၊ ရှင်းရှင်းလင်းလင်း၊ ပီပီပြင်ပြင်ဖြန့်စေချင်သည်။ ဘာကြောင့်၊ ဘယ်လိုချို့ယွင်းအားနည်းချက်၊ ကုစားချက်၊ သုံးသပ်ချက်၊ လက်တွေ့လုပ်ဆောင်ချက်တွေ ရှင်းရှင်းလင်းလင်း၊ ပီပီပြင်ပြင်၊ ထင်ထင်ရှားရှားဖော်ပြစေချင်သည်။ ဆိုင်ရာအာဏာပိုင်များ၊ တာဝန်ရှိသူများအား မကြောက်မရွံ့၊ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်းဝေဖန်သုံးသပ်၊ ထောက်ပြဖို့လိုပြီ။ "ထန်းပင်တက်ဆာပေး"ကြောင့် မြေယာမှုခင်းများ(အမှန်)မသိဘဲ ကွဲလွဲ၊ ဒုက္ခရောက်ခဲ့ပုံ။ အထက်လူကြီးကို အောက်ဝန်ထမ်းက မပြောရဲ၍ (စာရင်းလွဲ)(စာရင်းအတု) ပြုစုခဲ့ပုံများမှာ ယနေ့သင်ခန်းစာရသင့်ကြပြီ။

> **စီးပွားရေးဆိုသည်မှာ ပြောသလောက်မလွယ်။ စီးပွားရေးစီမံခန့်ခွဲမှုအကြောင်းကို စီးပွားရေးပညာရှင်တွေက ပို၍နားလည်ကြမှာပါ။ ဝေဖန်သုံးသပ်ပေးကြပါ။ အကြံပြုကြပါ။ ပွင့်ပွင့်လင်းလင်းထောက်ပြချိန်ရောက်ပါပြီ။**

မြန်မာပြည်ဆင်းရဲသည်ဟု ပြောလျှင်သာ မခံချင်ဖြစ်နေတာ။

**ဘာသာပြန်**

ဘာသာပြန်ဆို၍ အင်္ဂလိပ်ဘာသာမှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ်ဘာသာ၊ ထို့ပြင်အခြား အခြားသော ကမ္ဘာ့ဘာသာစကား၊ စာများဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေစသည်ဖြင့် လိုင်းမျိုးစုံ၊ ဘာသာရပ်မျိုးစုံ၊ စာပေအစုံလေ့လာသင့်ကြသည်။ ကမ္ဘာ့ရွာဆိုတာ ကျဉ်းကျဉ်းလေး။ ကမ္ဘာ့ရွာထဲက မြန်မာဆိုတာ ပို၍၊ ပို၍၊ ကျဉ်းကျဉ်းလေး။ ခရီးမဝေးတော့ပြီ။ ကိုယ့်တိုင်းပြည်အတွက် ဘာထမ်းရွက်မည်လဲ။ ဘယ်လိုတာဝန်ကျေကြမည်လဲ။

**မဝေးသောခရီး**

မဝေးသောခရီးကို ဘယ်လိုလျှောက်မည်လဲ။ ပညာစာပေနှင့် ကင်း၍မရ။ သန့်ရှင်းသော အစိုးရ၊ သန့်ရှင်းသော အုပ်ချုပ်ရေး။ သန့်ရှင်းသော ဝန်ထမ်း၊ သန့်ရှင်းသောပြည်သူ။ ဟိုလူ ဒီလူလွှဲချ၍မရ။ မြန်မာ့အပြစ်၊ မြန်မာ့အချစ်။ နှစ်နှစ်ကာကာ မြင်စေချင်သည်။ "အပြစ်ပုံချခြင်း" ထက် "ပြိုင်တူရှန်းခြင်း" က ပို၍သဘာဝကျသည်။

**ပြည်သူ့နီတိ**

ပြည်သူ့နီတိ၊ ပြည်သူ့ကျင့်ဝတ်၊ ပြည်သူ့ဒီမိုကရေစီ၊ နိုင်ငံကြီးသားပီသကြမည်။ အလုပ်တွေပို၍ လုပ်ကြရမည်။ စေတနာမှန်ရမည်။ ဘေးထိုင်ဘုပြောတော်ပြီ။ ရပ်သင့်ပြီ။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ။ လွန်ချမ်းသာပါ။

**ဥပဒေသိပ္ပံပညာ**

ဥပဒေလောကတွင် ဥပဒေသိပ္ပံပညာ (Jurisprudenee) ဟူ၍ရှိသည်။ တာဝန်ရှိလျှင် အခွင့်အရေးရှိသည်။ စီးပွားရေးဖွံ့ဖြိုးမှုတာဝန်ရှိလျှင် လူ့အခွင့်အရေးနှင့်တိုင်းတာဆက်စပ်ရစမြဲ။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေ (Constitutional Law) ပေါ်လာသည်။ လူ့အခွင့်အရေးကို ထည့်သွင်းပြဋ္ဌာန်းသည်။ ကမ္ဘာ့စိန်ခေါ်မှုများကို ဥပဒေနှင့် ချိန်ထိုးကြရပြန်သည်။ အပြည်ပြည်ဆိုင်ရာ တရားဥပဒေကို မမေ့သင့်။ ကမ္ဘာ့ "စံ" နာခံရမည်။

**ရည်ရွယ်ချက်**

၁။ နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်စွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရန်။
၂။ လုပ်ငန်းများတိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်။
၃။ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။
၄။ အခြေခံအဆောက်အအုံများဖြစ်သော အာဏာနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အဆင့်မြင့်ကားလမ်းမကြီးများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်နေသည့် အဝေးပြေးလမ်းများ၊ အမျိုးသားလျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီသတင်းအချက်အလက်နည်းပညာအပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်။
၅။ ဆက်သွယ်ရေးကွန်ရက်များ၊ နိုင်ငံတကာအဆင့်မီ ရထား၊ သင်္ဘော၊ လေယာဉ်စသည့် ပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီး နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန်။
၆။ နိုင်ငံသားများ နိုင်ငံတကာနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်။
၇။ နိုင်ငံတကာ စံနှုန်းနှင့်အညီ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြဋ္ဌာန်းသည်။

**(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခန်း (၃) ၏ ရည်ရွယ်ချက်၊ ပုဒ်မ -၇**

**စပါးတောင်လိုပုံ**

စပါးတောင်လိုပုံ၊ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံကြသောမြန်မာ။ ကမ္ဘာ့ရွာထဲက မြန်မာ။ ဘယ်နေရာမှာ ဘာအခက်အခဲတွေရှိရှိ။ မြန်မာ့သတ္တိ၊မြန်မာ့ဇွဲ၊ မြန်မာ့အသည်းနှလုံး၊ ဘယ်အရှုံးပဲရှိရှိ အပြုံးမပျက်၊ အခက်အခဲတွေကို ဖြတ်ကျော်မည်။ ဖြတ်ကျော်ရမည်။ ဖြတ်ကျော်နိုင်မည်ဟု ယုံသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်လျှင် စိုက်ပျိုးရေးဆိုင်ရာအကျင့်ကောင်း ၁၄ ချက်ကိုလိုက်နာသင့်

**စစ်ကိုင်း မတ် ၆**

အယ်လ်နီညိုဖြစ်စဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် သေချာမှုရာနှုန်း ၆၀ မှ ၇၀ တွင် ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်များ ခန့်မှန်းထားရာ နွေစပါးစိုက်ကြလျှင် လိုက်နာ ဆောင်ရွက်သင့်သော စိုက်ပျိုးရေးဆိုင်ရာအကျင့်ကောင်း (GAP) ၁၄ ချက်ကိုအတတ်နိုင်ဆုံး လိုက်နာကျင့်သုံးကြရန် တောင်သူလယ်သမားအများစုကို တိုက်တွန်းနှိုးဆော်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း ၁၄ ချက်ကို အတတ်နိုင်ဆုံး လိုက်နာကြဖို့အပြင် စိုက်ပျိုးရေလေလွင့်မှုမရှိအောင် လယ်ကြားမြောင်းစနစ် ကောင်းမွန်ရေး လယ်သမားအချင်းချင်း ပူးပေါင်းလုပ်ဖို့လိုပါ တယ်။ လယ်ကန်သင်းတွေမှာ စိမ့်ပေါက်၊ ယိုပေါက်မရှိစေဖို့ အမြဲကွင်း ဆင်းစစ်ဆေးဖို့ကလည်း အရေးကြီးပါ တယ်။ ပျိုးသက်မှန်စိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်ရမှာဖြစ် သလိုသောက်သုံးရေနဲ့စိုက်ပျိုးရေကိုစနစ်တကျ ချွေတာသုံးဖို့လိုအပ်ပါ တယ်"ဟု ဦးခင်မောင်ညွန့်က ပြောပြ သည်။

ရေရရှိမှုနည်းပါးသော ဧရိယာများတွင်နွေနှမ်း၊ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးရမည်ဖြစ်ပြီး နွေစပါးခင်းများတွင် ပေါင်း၊ မြက်များကင်းအောင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ အယ်နီညိုဖြစ်စဉ်ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍထိခိုက်မှုမရှိစေရန် မြစ်ချောင်းဆည်ကန်များတွင် ထားရှိသိုလှောင်ထားပြီးသော ရေများကိုအလေအလွင့်မရှိအောင် အလဟဿဖြုန်းတီးခြင်းနှင့်အကျိုးမဲ့သုံးစွဲခြင်းများမပြုရန်လိုအပ်ကြောင်းသိရသည်။ ဆည်ရေသောက် စပါးစိုက်ခင်းများတွင် သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ရန်လိုသလို တစ်ကွင်းတစ်စပ်တည်း အနီးစပ်ဆုံးစိုက်ချိန်တူညီရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ကန်သင်းလှီးရေသွင်းခြင်းနှင့် အမြဲတမ်းရေသိုလှောင်ထားမည့်အစား ရေသွင်းရေခန်းစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။ ရေယူရန်ခက်ခဲသည့် ဆည်ရေသောက်ဧရိယာ အဖျားပိုင်းများတွင် စပါးအစားနွေပဲတီ၊ နွေနှမ်းစသည့် သီးနှံများကိုစိုက်ချိန်ညီအောင် ညှိနှိုင်းစိုက်ပျိုးရမည်ဖြစ်ပြီး ယာသီးနှံများတွင် ရေယူသောစနစ်ကို လက်ရှိကျင့်သုံးသည့် မြောင်းသွင်းစနစ်အစား ရေချွေတာနိုင်သည့်စနစ်များဖြစ်သော ရေဖျန်းစနစ်များ(SPRINKLER IRRIGATION)နှင့် နှစ်ရှည်သီးနှံများတွင် အစက်ချရေပေးစနစ်များ (DRIP IRRIGATION)ကို ပြောင်းလဲကျင့်သုံးသွားနည်းဖြစ်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း)**

## ပုသိမ်ကြီးမြို့နယ်တွင် ပြည်သူများစာဖတ်ရှိန်မြင့်မားရေး၊ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ပုသိမ်ကြီး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ပြည်သူများစာဖတ်ရှိန်မြင့်မားစေရန်နှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန် အတွက် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် ပုသိမ်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က အမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ဘုန်းတော်ကြီး ကျောင်းများမှ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာ စိတ်ပါဝင်စားသူများ တက်ရောက်ကာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၂၆၅)**

ပြည်တွင်းရေးရာ

# ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ လုပ်ငန်းများနှင့်ပတ်သက်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ကင်းထောက်လုပ်ငန်းအထောက်အကူပြုဌာနမှ ဒါရိုက်တာ Mr.Thian Hiong- Boon၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုကင်းထောက်ချုပ် ဦးသာစိန်၊ အပြည်ပြည်ဆိုင်ရာကင်းထောက်မှူးချုပ် ဦးမောင်မောင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသီဟတို့ တက်ရောက်ပြီး မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့၏ လမ်းပြမြေပုံပေါ်တွင် အခြေပြုသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၌ မကြာမီကျင်းပမည့် ကင်းထောက်သင်တန်းများ၊ လုပ်ငန်းဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်သည့်လုပ်ငန်းစဉ်များအားလုံးကို အချိန်မီပြီးစီးနိုင်ရေးအတွက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ပံ့ပိုးကူညီမည့်အစီအစဉ်များနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

မြန်မာလူငယ်များ လူ့အဖွဲ့အစည်းများတွင် ကြံ့ခိုင်သော စိတ်ဓာတ်၊ ရင့်ကျက်သည့် ကိုယ်ရည်ကိုယ်သွေးပိုင်ဆိုင်ပြီး အများအတွက် အဆင်သင့် ကူညီပံ့ပိုးသူများအဖြစ် လေ့ကျင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကင်းထောက်လုပ်ငန်းများကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စခန်းချတွေ့ဆုံပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုလတ်(သတင်းစဉ်)**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ ဒသမအစည်းအဝေးကျင်းပမည်

**နေပြည်တော် မတ် ၆**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒသမအစည်းအဝေးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း (၁၊၂၊၃၊၄) ရက် [၂၀၁၆ ခုနှစ် မတ် (၉၊၁၀၊၁၁၊၁၂)ရက်]များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၇ ခုနှစ် တပေါင်းလဆန်း (၅၊၆)ရက် [၂၀၁၆ ခုနှစ် မတ် (၁၃၊၁၄)ရက်]များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့် ၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် (၁၄)ရက် [၂၀၁၆ ခုနှစ် မတ် ၈ ရက်]တွင် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်ပါရန်နှင့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်တွင် ကြွရောက်ပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတွင်ပထမဆုံးဖွင့်လှစ်သည့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါကုဌာနဖွင့်

**ရန်ကုန် မတ် ၆**




ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါ စီရောဂါပိုးအတွက် ကာကွယ်ဆေးမရှိသေးသော်လည်း ပျောက်ကင်းအောင် ကုသနိုင်သည့် ဆေးဝါးများရှိနေပြီဖြစ်၍ ထိရောက်သော ဆေးဝါးကုသမှု စနစ်တကျခံယူပါက ပျောက်ကင်းနိုင်ကြောင်း မတ် ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ပင်လုံဆေးရုံ၌ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတွင်ပထမဆုံးဖွင့်လှစ်သည့် အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါကုဌာနဖွင့်ပွဲတွင် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

"အသည်းရောင်အသားဝါဘီက ကာကွယ်လို့ရတယ်။ စီပိုးကတော့ ကာကွယ်ဆေးမရှိဘူး။ သွေးနဲ့မထိအောင် ကာကွယ်ကြပါ။ အသည်းရောင် အသားဝါ ဘီပိုးရော၊ စီပိုးရော ကုသလို့ရနေပါပြီ။ ပျောက်အောင် ကုလို့ရပြီ။ အရင်တုန်းကဆို ဆေးထိုးရတယ်။ သိန်း ၁၀၀ ကျော်လောက်ကုန်တယ်။ ဘေးထွက်ဆိုးကျိုးတွေများတယ်။ အခုက လုံးဝမဟုတ်တော့ဘူး။ ဆေးတစ်လုံးလောက်စားရုံနဲ့ ၁၅ သိန်း၊ သိန်း၂၀ လောက်နဲ့ အပြီးအစီးကုလို့ရတဲ့ အနေအထားကိုရောက်နေပြီ" ဟု ၎င်းကပြောသည်။

အသည်းရောင်အသားဝါ ဘီရောဂါပိုးသည် HIV နှင့် အသည်းရောင်အသားဝါ စီပိုးထက် ကူးစက်မှုနှုန်းအဆ ၁၀၀ ပိုများပြီး၊ ဘီ/စီ ရောဂါပိုး နာတာရှည်သယ်ဆောင်ထားသူများသည် စနစ်တကျ ကုသမှုမခံယူပါက အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာများ ဖြစ်နိုင်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အသည်းရောင်အသားဝါ ဘီနဲ့ စီက ဖြစ်ပွားမှုနှုန်းများပါတယ်။ ဘီပိုး၊ စီပိုးက ကမ္ဘာ့စာရင်းဇယားတွေမှာကြည့်ရင် မြန်မာပြည်က အဖြစ်အများဆုံးဖြစ်နေတဲ့ စာရင်းထဲမှာပါတယ်။ အဲဒါတွေကို ကုသရမယ်။ အဲဒါရဲ့အကျိုးဆက်တွေဖြစ်တဲ့ အသည်းခြောက်၊ အသည်းကင်ဆာတွေကလည်း အဖြစ်များတယ်။ ပြည်ပကိုသွားပြီး ဆေးကုစရာမလိုတော့ဘူး။ ဒီမှာတင်အကုန်လုပ်လို့ရတယ်။ ကမ္ဘာ့အဆင့်မီ အသည်းအစာအိမ်လမ်းကြောင်း ဆေးကုသမှုစင်တာကို ပထမဆုံးအကြိမ်ဖွင့်လှစ်တဲ့သဘောပဲ။ အသည်းအစားထိုးကုနိုင်တဲ့အဆင့်အထိ လုပ်နိုင်အောင် တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထားတယ်"ဟု ပြောသည်။

ယနေ့ဖွင့်လှစ်သည့် ပင်လုံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဌာနကို အပြည်ပြည်ဆိုင်ရာဌာနတစ်ခုအဖြစ် တည်ထောင်သွားရန် ရည်မှန်းထားသည့်အတွက် Asian American Medical Group မှ ခွဲစိတ်ဆရာဝန်ကြီးများ၊ ပုံရိပ်ဖော်ပါရဂူများ၊ ကင်ဆာရောဂါကုဆရာဝန်ကြီးများသည် ပြည်တွင်းမှ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအထူးကုဆရာဝန်ကြီးများနှင့်ပူးပေါင်းလျက် မြန်မာနိုင်ငံတွင် အသည်းရောဂါကုသမှုအရည်အသွေးကို မြှင့်တင်ပေးသွားမည်ဖြစ်သည့်အပြင် ရောဂါအတိုင်ပင်ခံလုပ်ငန်း၊ ကုသရေးလုပ်ငန်း၊ အစာအိမ်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုမှုလုပ်ငန်းနှင့် အချို့သောခွဲစိတ်ကုသမှုအစီအစဉ်များကို ဒေသခံများနှင့် အပြည်ပြည်ဆိုင်ရာမှ လူနာများအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းများအရ မြန်မာနိုင်ငံလူဦးရေ ၃ ဒသမ ၃ သန်းသည် အသည်းရောင်အသားဝါ ဘီပိုးရှိနေကြပြီး ၁ ဒသမ ၃ သန်းသည် အသည်းရောင်အသားဝါစီရောဂါပိုးတွေ့ရှိရကြောင်းနှင့် အဆိုပါရောဂါများကို အကြောင်းပြုပြီး အသည်းကင်ဆာရောဂါများ ဖြစ်ပွားကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ - သီသီမင်း)**

# ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးရေရရှိသဖြင့် တောင်သူများ စိုက်ပျိုးရေးအဆင်ပြေ

**ချောင်းဦး မတ် ၆**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည့် တောင်သူများ ယခုနှစ်နွေရာသီတွင် စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဗန္ဓုလလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးမြေ ဧက ၅၀၀ ကျော်အား စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေးအဆင်ပြေလျက်ရှိကြောင်းသိရသည်။



"အရင်က ကိုယ်ပိုင်အဝီစိတွင်းတွေ၊ မြစ်အတွင်းက ကိုယ်ပိုင်ရေတင်စက်တွေနဲ့ စိုက်ပျိုးကြရတာ။ အခက်အခဲအမျိုးမျိုးကြောင့် သီးနှံတွေကို သိပ်ပြီး မစိုက်နိုင်ဘူး။ လျှပ်စစ်မြစ်ရေတင်နဲ့ ကျမှ အခုဧက ၇၀၀ ဝန်းကျင်လောက် သီးနှံမျိုးစုံကို စိုက်နိုင်လာတယ်။ ချင်းတွင်းမြစ်ရေမှာ နုန်းမြေပါတဲ့အတွက် စိုက်ပျိုးမြေတွေလည်း ပြောင်းလာတယ်။ သီးနှံအထွက်နှုန်းလည်း တစ်နှစ်ထက်တစ်နှစ် ပိုလာတဲ့အတွက် တောင်သူတွေ အဆင်ပြေပါတယ်။ ဒီနှစ်က ရာသီဥတုက အပူများမယ်လို့သိရတဲ့အတွက် မြစ်ရေလုံလောက်စွာရရှိရေး ပြင်ဆင်မှုတွေ လုပ်ပြီးပါပြီ"ဟု ရွှေကျင်ကျေးရွာမှ ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ရရှိရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ဗန္ဓုလလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေကို မြောင်းမကြီးမှတစ်ဆင့် တောင်/မြောက် သွယ်တန်းလျက်ရှိသော ခနပဒေသာမြောင်း၊ ကြားမြောင်း သုံးမြောင်းတို့ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ကြားမြောင်းများ ဆက်လက်ဖော်ဆောင်လျက်ရှိပြီး အဆိုပါလုပ်ငန်းများပြီးစီးပါက ဧက ၁၀၀၀ အထိ စိုက်ပျိုးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

**လက်ပံတန်း မတ် ၆**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သာသနာ့ရိပ်သာလမ်းနှင့် (၁)လမ်းထောင့်တွင် ၁၁-ကေဗွီလိုင်း ပေ ၆၀၀ နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးထွန်းလွင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်သဖြင့် မတ် ၃ ရက်မှစတင်၍ ဓာတ်အားဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းကြောင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# လယ်ယာသုံးစက်ကိရိယာပြပွဲ ဆက်လက်ပြသ

**ရန်ကုန် မတ် ၆**

မြန်မာအပြည်ပြည်ဆိုင်ရာလယ်ယာသုံးစက်ကိရိယာပြပွဲ (၂၀၁၆) ကို ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တတိယနေ့အဖြစ် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြခန်းပေါင်း ၇၁ ခန်းဖြင့် ဆက်လက်ခင်းကျင်းပြသရာ လုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာ့ဆန်စပါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြပွဲကို မတ် ၆ ရက်ထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(ကိုချစ်)**

## ပြည်တွင်းရေးရာ

❒ **ရွှေဖုံးမှ**

ဈေးကွက်ဖြန့်ကြက်နေကြပြီး စိန်တစ်လုံးပေါ်ချိန်တွင် ကုန်တင်ကားကြီး၊ ကားငယ်အသွယ်သွယ်သည် ပုပ္ပားတောင်ကြောတစ်ဝိုက် ဘီးရာချင်းထပ်လျက်ရှိနေကြပြီဖြစ်သည်။

"မနှစ်က တစ်လုံးကို ငွေကျပ် ၅၀၀ ကနေ ၇၀၀ အထိ စိန်တစ်လုံးက ဈေးကောင်းရခဲ့တယ်။ အချို့ သရက်စိုက်ခင်းတွေမှာဆိုရင် တစ်ခင်းလုံးကို ပုတ်ပြတ်စနစ်နဲ့ ငွေကျပ်သိန်း ၁၃၀ ကျော်တောင်ရခဲ့လို့ တောင်သူတွေအတွက် စိတ်မကူးခဲ့ဖူးတဲ့ ဝင်ငွေတွေပါ။ ကျွန်မတို့အရင်က ခရမ်းချဉ်၊ ကြက်သွန်နဲ့ ပဲစိုက်တယ်။ ငှက်ပျောလည်းစိုက်တယ်။ ငှက်ပျောက ဝင်ငွေရပေမယ့် ကျန်သီးနှံတွေအားလုံး အမြတ်ရတယ်ဆိုတာ ခပ်ရှားရှားရယ်။ တစ်နေကုန် မြေကြီးပေါ်မှာ အချိန်ကုန်ပေမယ့် အထွက်မကောင်းတော့ ပစ်ကိုထားလိုက်ရတာ နှစ်ပေါင်းမနည်းဘူး။ စိတ်နာပြီး သရက်ပြောင်းစိုက်တာ သုံးနှစ်ပဲရှိသေးတယ်" ဟု ပုပ္ပားတောင်မကြီးအရှေ့ဘက်ခြမ်း မြေကွက်များပေါ်တွင် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် ဒေါ်တင်တင်ဝင်းက ပြောသည်။

ယခုနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ခန့် အမြတ်ရရှိနိုင်မည်ဟု ရိုးသားစွာ မျှော်လင့်ထားပုံရပြီး ခြံဝအထိ လာရောက်ဝယ်ယူကြသည့်ပွဲစားများထံ ရောင်းချခြင်းမပြုဘဲ ကိုယ်တိုင် မန္တလေးမြို့ရှိ ပွဲရုံများထံ သွားရောက်ရောင်းချခြင်းဖြင့် ဝင်ငွေပိုရနိုင်သည်ဟု ဒေါ်တင်တင်ဝင်းက ပြောသည်။

"သရက်ပင် ၆၀၀ ရှိတယ်။ အားလုံးကိုင်းဆက်ထားတာတွေပါ။ ဒီနှစ်အပွင့်များပေမယ့် အသီးထွက်နှုန်း



လျှော်တောရွာသူမများ ခုတ်ယူပြီးသော ငှက်ပျောခိုင်များကို ရောင်းချရန်အတွက် ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။



အောင်မြင်ဖြစ်ထွန်းနေသော ခရမ်းသီးပင်များကို တွေ့ရစဉ်။

နည်းလောက်တယ်။ ရာသီဥတုက ပူနိုင်တယ်ဆိုလို့ အစေ့မာလောက်တာနဲ့ အိတ်စွပ်ထားဖို့ ပြင်နေပါတယ်။ နည်းပညာမြင့်လာတာနဲ့အမျှ ဝင်ငွေကလည်း တိုးလာပါတယ်။ သီးညှပ်အဖြစ် မာလကာတွေကလည်း တစ်လကို နှစ်သိန်းလောက်ဝင်တော့ စားဖို့အတွက် မပူရတော့ဘူးပေါ့။ နဂါးမောက်ကတော့ စိုက်သူများလာတော့ ဈေးနည်းနည်းကျလာတယ်။ ဈေးကွက်တိုးရှာနိုင်ရင်တော့ ပိုအဆင်ပြေနိုင်တယ်။ အိမ်ကတော့ နတ်ကန်လည်ရွာထဲမှာရှိတယ်။ မနှစ်က သရက်ပေါ်ချိန်မှာ အိမ်အကြီးကြီးဆောက်ထားတာ။ မိသားစုတွေကတော့ သရက်စိုက်ခင်းနဲ့ နဂါးမောက်ခင်းတွေကြားမှာပဲ အချိန်ကုန်တာများနေတယ်"ဟု သရက်စိုက်ပျိုးသည့် ခြံပိုင်ရှင်တစ်ဦးကလည်း ဖြေကြားသည်။

ပုပ္ပားဧရိယာများတွင် ကြိုးဝိုင်းဧရိယာ ၃၁၇၆၃ ဒသမ ၂ ဧကရှိပြီး ကြိုးပြင်ကာကွယ်တော ဧရိယာမှာ ဧက ၂၅၆၀၀ ခန့်ရှိကြောင်း သိရသည်။ ပုပ္ပားတောင်ဥယျာဉ်အား ၁၉၀၂ ခုနှစ်တွင် စတင်ထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ၏ ငှက်ပျောတိုးချဲ့စိုက်ပျိုးမှုများကြောင့် သဘာဝရေထွက်စမ်းအချို့ ပိတ်သွားခဲ့ပြီး တောတောင်စိမ်းလန်းမှုလည်း အားလျော့လာခြင်းကြောင့် ယခင်တပ်မတော်အစိုးရလက်ထက် ၁၉၉၆ ခုနှစ်မှစတင်ကာ ငှက်ပျောစိုက်ခင်းများအား ဖယ်ရှားခဲ့သည့်အတွက် သဘာဝရေထွက် ၉၉ ခုမှ ၁၁၁ ခုအထိ ပြန်လည်မြင့်မားလာခဲ့သည်။ ထို့ပြင် ပုပ္ပားတောင်အရှေ့ဘက်ခြမ်းရှိ ငှက်ပျောစိုက်ခင်း ၅၄၇၅ ဧကကို သစ်တောသီးနှံ နှစ်ရှည်သီးနှံများဖြင့် ပြောင်းလဲစိုက်ပျိုးခဲ့ရာ ယင်းအသီးအပွင့်များသည် ယနေ့ ပုပ္ပားဒေသခံများ ခံစားရယူနိုင်ကြပြီဖြစ်သည်။

ထို့ပြင် ပုပ္ပားတောင်အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေးအတွက် နတ်ကန်လည်၊ ဆည်၊ လျှော်တော၊ ဆင်ဆင်းကျေးရွာတို့တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများ ဆောက်လုပ်ပေးခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရေဆူရေထွက်များမှ သောက်သုံးရေများကို ကျေးရွာနှင့် စိုက်ပျိုးမြေများထံအရောက် ဆက်သွယ်ဖြည့်တင်းခြင်းစသည့်လုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ လုပ်ဆောင်ခဲ့ပြီး ယခုအခါ ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားမှုနှင့် လမ်းပန်းဆက်သွယ်ရေးမှာ အဆင့်မြင့်ခဲ့ပြီဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

"ကျွန်တော်တို့ဘက်က ပေ ၂၀၀ ကျော်ရင် တစ်နိုင်တစ်ပိုင်ရေထွက်တယ်။ ရာသီဥတုကလည်း မိုးနည်းသွားပေမယ့် စိုက်လို့ပျိုးလို့ရပါတယ်။ တစ်ရွာလုံးနီးပါး နှစ်ရှည်သီးနှံပဲ စိုက်ကြတယ်။ ငှက်ပျောဆို စိုက်သူမရှိတော့ဘူး။ မြေဩဇာကျွေးနေရတုန်းဆိုတာကလည်း အပင်သက်နုသေးတာကြောင့်ပါ။ အော်ဂဲနစ်သီးနှံဖြစ်ဖို့ ကြိုးစားနေတယ်။ နောက်ဆိုရင် ကျွန်တော်တို့ဆီကထွက်တဲ့ စိန်တစ်လုံးရော၊ ပတ္တမြားငမောက်ရော ခူးစားဖို့မတန်အောင်လှကြတယ်။ ဝင်းပြီး အစိမ်းရောင်ကကို အမှည့်နဲ့တူလွန်းလို့ အော်ဒါများတယ်။ ပတ္တမြားငမောက်ဆို သင်္ဘောသီးရှုံးတယ်။ အသားချည်းပဲမို့ ဝယ်လက်တွေက အပင်တန်းအလိုက်၊ မြေကွက်အလိုက် ဖြတ်ဝယ်ကြတာ။ ပြီးခဲ့တဲ့နှစ်က အရင်း သိန်း ၃၀ လောက်ရှိမယ်။ အမြတ်က သိန်း ၇၀ ကျော်ရလိုက်တယ်။ ငါးနှစ်သား စိန်တစ်လုံးတွေဆိုတော့ ဈေးကလည်းရတာပေါ့။ စပြီးနှစ်ရှည်ပင်စိုက်ခိုင်းတုန်းက အလုပ်အကိုင်အတော်အဆင်မပြေခဲ့ဘူး။ ကျွန်တော့်အထင်ကတော့ ပုပ္ပားနယ်သားတွေ ဝိရိယအကျိုးခံစားရပြီ။ စိတ်ရှည်သည်းခံနိုင်တော့လည်း ဝင်ငွေကောင်းလာတာပေါ့။ တစ်ရွာလုံး အိမ်စုတ်မရှိဘူး။ အားလုံးထွန်စက်ကိုယ်စီနဲ့၊ ရေစုပ်စက်ကိုယ်စီနဲ့ ဖြစ်လာပြီ။ မြို့ပေါ်ကပါ ပုပ္ပားနယ်မှာ ခြံမြေလိုချင်လို့ စုံစမ်းကြရတယ်" ဟု ဆင်ဆင်းရွာသား ဦးခင်မောင်ရီက ဆိုသည်။



ကျေးရွာချင်းဆက် ပုပ္ပားတောင်ပတ်လမ်းကို တွေ့ရစဉ်။

နှစ်ရှည်သီးနှံများအပြင် ကြက်သွန်၊ ခရမ်း၊ ငရုတ်၊ ထိုင်ဝမ်သင်္ဘော၊ ခရမ်းချဉ်၊ ကြယ်ပဲနှင့် နေကြာတို့ကိုလည်း စိုက်ပျိုးကြပြီး ယခုနှစ်အတွက် တစ်မြို့နယ်လုံးအတိုင်းအတာအားဖြင့် ၃၈၅၃၅၉ ဧကခန့် စိုက်ပျိုးဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရေးအဓိကထားတော့ သီးနှံတွေ အထွက်ကောင်းလေလေ တောင်သူတိုးတက်လေလေ ဖြစ်လာပါတယ်။ ကျွန်တော်တို့ဆီကို သမ္မတကြီးနဲ့ အဖွဲ့လာတဲ့အခါမှာလည်း အားလုံးက ကျေးဇူးတင်ကြောင်းပြောဖြစ်ကြတယ်။ နှစ်ရှည်ပင်တွေရဲ့ အကျိုးက ဆယ်စုနှစ်တစ်ခုအချိန်ပေးပြီးမှ အဖြေပေါ်တာဆိုတော့ အားလုံးက အခုမှ သဘောပေါက်ကြတာ။ ပုပ္ပားဒေသကနေ ကျောက်ပန်းတောင်းကိုဖြစ်ဖြစ်၊ မိတ္ထီလာကိုဖြစ်ဖြစ်၊ မြင်းခြံကိုဖြစ်ဖြစ် လွယ်လွယ်ကူကူ သွားနိုင်ခဲ့သလို ကုန်စည်ကူးသန်းရေးမှာ ခက်ခဲတဲ့ ကျောက်ကြမ်းလမ်း တစ်မိုင်ကျော်ကို သမ္မတကြီးက ကျောက်ချောလမ်းခင်းပေးမယ်လို့ ပြောသွားခဲ့တယ်။ ရွာမြောက်ခြမ်းမှာ လိုအပ်နေတဲ့ ရေသွယ်တန်းရေးကိုလည်း လုပ်ဆောင်ပေးဖို့ ပြင်ဆင်နေပါပြီ။ အထူးသဖြင့် မူလတန်းကျောင်းလေးကို မူလတန်းလွန်ကျောင်းအဖြစ် ပြောင်းပေးဖို့ မှာကြားခဲ့လို့ တစ်ရွာလုံးက ဝမ်းသာနေကြတယ်။ ကျွန်တော်တို့တစ်သက်လုံး နေလာခဲ့တဲ့တစ်လျှောက်မှာ အခုလို ဆယ်စုနှစ်တစ်ခုလောက်အတွင်း ငွေအများကြီးစုဆောင်းမိတယ်ဆိုတာ မလွယ်ပါဘူး။ အားလုံး ကြိုးစားကြရတယ်" ဟု လျှော်တောရွာသား ဦးသန်းကျော်က ပြောသည်။

၂၀၀၉ ခုနှစ်ကတည်းက နဂါးမောက်စိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ်ခဲ့သည့် ဦးသန်းကျော်က ယခုနှစ်တွင် နဂါးမောက်အပင် ၂၀၀ ခန့် စိုက်ပျိုးထားပြီး ငွေကျပ်သိန်း ၆၀ ဝန်းကျင် အမြတ်ရဖို့ မျှော်လင့်ထားကြောင်း ပြောပြသည်။



အပင်တိုင်းတွင် အသီးတင်နေသော သင်္ဘောပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

"နဂါးမောက်သီးဆိုတာ ကြားဖူးတော့ အံ့သြရတယ်။ ကျွန်တော့်အတွက်တော့ ဆုလာဘ်ကြီးတစ်ခုပါပဲ။ လွန်ခဲ့တဲ့ ၁၀ နှစ်နီးပါးတုန်းက ပင်စင်လစာသွားထုတ်ဖို့အတွက် သူများဆီက ငွေ ၃၀၀၀ ကို မနည်းချေးငှားခဲ့ရတယ်။ ကျွန်တော့်သားသမီးမြေးမြစ်တွေအားလုံး နဂါးမောက်သီးက ရတဲ့ဝင်ငွေနဲ့ ဘွဲ့ရပြီ။ ဆယ်တန်းအောင်ပြီ။ ငှက်ပျောကြော်လုပ်ငန်းလေး ချဲ့ထွင်နိုင်ပြီ။ ကျွန်တော်တစ်ယောက်ထဲမဟုတ်ပါဘူး။ စိုက်ပျိုးရေး အောင်မြင်ဖို့အတွက် အကြံဉာဏ်ကောင်းလိုတယ်။ အရင်းအနှီးလိုတယ်။ ဝိရိယလိုတယ်။ ရာသီဥတုကောင်းမွန်မှုနဲ့ ရေလိုတယ်။ အဓိကကတော့ ဝယ်ယူနိုင်တဲ့ ဈေးကွက်ရှိဖို့ လိုအပ်ပါတယ်။ နောက်ပိုင်းမှာ အရည်အသွေးကို ကျွန်တော်မြှင့်ဖို့ ကြိုးစားနေတယ်။ နိုင်ငံခြားအထိ ကိုယ်တိုင်တင်ပို့နိုင်ပြီဆိုရင် ဈေးကွက်အလွန်ကျယ်ပြန့်ပြီး တစ်နယ်လုံးကောင်းစားပြီလို့ ယုံကြည်တယ်"ဟု အငြိမ်းစားကျောင်းအုပ်ဆရာကြီးက နဂါးမောက်စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောပြသည်။

အပူပိုင်းဒေသ၏ အိုအေစစ် ပုပ္ပားတောင်မကြီးနှင့် ဆက်စပ်ဒေသများသည် နွေရာသီကို အန်တုကာ စိုက်ပျိုးရေးကို အားထည့်လုပ်ဆောင်နေကြသည့် တောင်သူများကို အစွမ်းကုန်အားပေးနေသယောင်။ စိုက်ပျိုးရေးကို အခြေခံကာ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ ပြယုဂ်များဖြစ်သည့် အင်ုအဖူးတို့ဖြင့် စည်ပင်နေသည့် သီဟိုဠ်ပင်၊ သရက်ပင်နှင့် နဂါးမောက်ပင်များက ငွားငွားစွင့်စွင့်ဖြင့် ပွင့်ဖူးချိန်ကို စောင့်ဆိုင်းရင်း တောင်သူများ၏ ရင်တွင်းတွင်လည်း ရွှေရောင်မျှော်လင့်ချက်များ ပွင့်ဖူးလျက်ရှိမည်သာ ဖြစ်တော့သည်။

# နှစ်ပေါင်း ၁၉၅ နှစ်ကျော်က မြန်မာမှုလက်ရာ ခြင်္သေ့ရုပ်တုကြီးနှစ်ခု ရွှေတန့်တစ်ကျေးရွာတွင် လေ့လာကြည့်ရှုနိုင်

**မိတ္ထီလာ မတ် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရွှေတန့်တစ်ကျေးရွာ ရွှေတန့်တစ်ဘုရား တောင်ဘက်မုခ်အနီးတွင် ရှေးနှစ်ပေါင်း ၁၉၅ နှစ်ကျော်က တည်ထားသည့် ၃၇ တောင်ကျော်မြင့်မားသော မြန်မာမှုလက်ရာ ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို ယနေ့တိုင် လေ့လာကြည့်ရှုနိုင်ကြောင်းသိရသည်။

ရှေးယခင်က အဆိုပါ ခြင်္သေ့ရုပ်တုကြီးနှစ်ခုနေရာတွင် အတောင် ၅၀ မြင့် ခြင်္သေ့ရုပ်တုကြီးတစ်ခုသာ ရှိခဲ့သည်။ ယင်းအတောင် ၅၀ မြင့် ခြင်္သေ့ရုပ်ကြီးပြိုကျသဖြင့် မြန်မာသက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် ရွှေတန့်တစ်ဘုရားကြီးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသာဂရက ၃၇ တောင် ၂ မိုက် မြင့်မားသည့် ခြင်္သေ့ရုပ်တုကြီး နှင့် ၄၅ တောင်မြင့်သည့် ခြင်္သေ့ရုပ်တုကြီးတို့ကို ထိုနေရာတွင် ပင်ပြန်လည်တည်ဆောက်ခဲ့သည်။ တောင်ဘက်မုခ်ရှိ အရှေ့ဘက်ခြင်္သေ့ရုပ်ကြီး ၃၇ တောင် ၂ မိုက်ကို ပခန်းမှ မြန်မာမှုပညာရှင်များ တည်ဆောက်ခြင်းဖြစ်ပြီး အနောက်ဘက် ၄၅ တောင်မြင့်မားသည့် ခြင်္သေ့ရုပ်ကြီးကို မန္တလေးမှ မြန်မာမှုလက်ရာပညာရှင်များတည်ဆောက်ခြင်းဖြစ်သည်။ ဧရာဝတီမြစ်အတွင်း လှေ၊မော်တော်၊သင်္ဘောကြီးများဖြင့် ခရီးသွားလာကြသူများသည် ထုထည်ကြီးပြီးမြင့်မားသည့် ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို အဝေးမှလှမ်း၍မြင်ရလျှင် ရွှေတန့်တစ်ကျေးရွာကို ရောက်တော့မည်၊ ရွှေတန့်တစ်ကျေးရွာကို ရောက်ပြီဟု၍ မှတ်သားပြောဆိုလေ့ရှိကြသည်။

ရှေးမြန်မာဘုရင်များနှင့် ကုသိုလ်ပြုဘုရားစေတီတည်ထားသူများသည် ဘုရားစေတီ ပုထိုးတော်များ တည်ထားကိုးကွယ်ပြီး ယင်းစေတီပုထိုးများအနီးတွင် ကြီးမားသည့် ခြင်္သေ့ရုပ်တုကြီးများကိုတည်ထားလေ့ရှိကြသည်။ မင်းကွန်းပုထိုးတော်ကြီးအနီးရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခုမှကျန်ရှိသေးသည့် အမြီးပိုင်းထုထည်ကြီးမားမြင့်မားမှုနှင့် ရွှေတန့်တစ်ကျေးရွာရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခုတို့ကို ဥပမာထားကြည့်ရှုလေ့လာနိုင်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကရင်ပြည်နယ်အတွင်း ရေကူးလက်ရွေးစင်များပေါ်ထွက်လာရေး အဆင့်မြင့်ရေကူးကန်တည်ဆောက်

**ဘားအံ မတ် ၆**



ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်လူရွယ်များ စနစ်တကျ ရေကူးလေ့ကျင့်နိုင်ပြီး ရေကူးလက်ရွေးစင်များ ပေါ်ထွက်လာစေရေး၊ ဒေသခံပြည်သူများ ရေကူးအားကစားနည်းများဖြင့် စိတ်လက်အပန်းဖြေနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဘတ်ဂျက်ဖြင့် ဘားအံမြို့ သီရိလမ်းရှိ ကန်သာပန်းခြံဝင်းအတွင်းတွင် အဆင့်မြင့်ရေကူးကန် တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့တွင် အဆိုပါရေကူးကန် မတည်ဆောက်ခင် ကာလကပင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ၊ ဆီးဂိမ်းပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည့် မပိုပိမင်းစိုး(ရေကူး)နှင့် ကိုဖွဲ့သက်ဦး (ဒိုင်ပင်)တို့မှာ ကရင်ပြည်နယ်ကိုယ်စားပြု လက်ရွေးစင်များအဖြစ် ပေါ်ထွက်ခဲ့ဖူးရာ အားကစားနှင့် ကာယသိပ္ပံသို့ စေလွှတ်ခဲ့ရဖူးသည်။ ထို့ကြောင့် လူငယ်လူရွယ်များအတွက် စနစ်တကျရေကူးလေ့ကျင့်နိုင်ပြီး ရေကူးလက်ရွေးစင်ကောင်းများ ပေါ်ထွက်လာစေရေး၊ ဒေသခံပြည်သူများ ရေကူးအားကစားနည်းများဖြင့် စိတ်လက် အပန်းဖြေနိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကရင်ပြည်နယ်အတွင်း ပထမဦးဆုံး အဆင့်မြင့် ရေကူးကန်ကို အားကစားဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်ထံမှ သိရသည်။

အဆိုပါ အဆင့်မြင့်ရေကူးကန်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် (၅၀×၂၅) မီတာရှိသော အဆင့်မြင့်ရေကူးကန်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် စတင်ကာ Twin &Soe Brother ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေကူးကန်အပြင် အစည်းအဝေးခန်းမ၊ ကားပါကင်၊ အားကစားသမားများနားနေဆောင်၊ရေချိုးခန်း၊ အဝတ်လဲခန်း၊ အိမ်သာများပါဝင် ဆောက်လုပ်သွားမည်ဖြစ်သည်။ ယခုအခါ ၈၅ နှုန်းပြီးစီးကြောင်းနှင့် မတ် ၂၇ ရက်တွင် အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်ပြီး ပြည်နယ်အတွက် အကျိုးရှိသော အဆင့်မြင့်ရေကူးကန်အဖြစ် အသုံးချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်**

**✱ ကျောဖုံးမှ**

အကြောင်းကြားစာပေးအပ်ခြင်းအခမ်းအနားကို ဆူးလေရှန်ဂရီလာဟိုတယ်၌ မတ် ၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ တင်ဒါအောင်ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက "မြန်မာ့မီးရထားက ကုန်စည်ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်ပကချေးငွေတွေအပေါ် မူတည်ပြီး ပြည်ပကတည်ဆောက်ပြီးစက်ခေါင်းတွေဝယ်ယူတင်သွင်း ဖြည့်တင်းခဲ့ပါတယ်။ ပြီးတော့ ပြည်တွင်းကနည်းပညာနဲ့ ကုန်ကြမ်းရရှိတဲ့အပေါ် မူတည်ပြီး စက်ခေါင်းများ၊တွဲများထုတ်လုပ်တည်ဆောက်ခြင်းများကို ပြုလုပ်လျက်ရှိသလို တစ်ဖက်တစ်လမ်းကနေ နိုင်ငံတော်နဲ့ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းစီမံကိန်းကို ပုဂ္ဂလိကလုပ်ငန်းများနဲ့ပူးပေါင်းဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ အခြေခံအဆောက်အအုံများ တည်ဆောက်ရာမှာ မဖြစ်မနေလိုအပ်လျက်ရှိတဲ့ စက်သုံးဆီနဲ့ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်အမျိုးမျိုးကို ဒေသအသီးသီးအတွက် ကုန်ကျစရိတ်သက်သာစွာ ရထားနဲ့ပို့ဆောင်ပေးနိုင်တော့မှာပါ"ဟု ပြောကြားသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ/စီမံ)နှင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက "ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းစီမံကိန်းဆောင်ရွက်ဖို့အတွက် နိုင်ငံပိုင်သတင်းစာတွေကနေ တင်ဒါခေါ်ယူကြော်ငြာခဲ့လို့ ပုဂ္ဂလိကအဖွဲ့အစည်းများက မြန်မာ့မီးရထားထံမှာ အဆိုတင်ပြခဲ့ကြပါတယ်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအနေနဲ့ တင်ပြလာတဲ့ ဆောင်ရွက်လိုမှုအဆိုပြုတင်ပြချက်တွေကို ခြုံငုံသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်နိုင်မယ့်နည်းလမ်းများနဲ့ အတည်ပြု ရွေးချယ်ခဲ့ပါတယ်။ ဒီကုမ္ပဏီနှစ်ခုကတော့ မြန်မာ့မီးရထားကိုပေးသွင်းနိုင်မယ့် အခြေခံနှုန်းထားတူညီနေတာကို စိစစ်တွေ့ရှိခဲ့ရလို့ မြန်မာ့မီးရထားနဲ့အကျိုးတူလုပ်ကိုင်ခွင့် နှစ် ၂၀ စီ ရရှိကြပါတယ်။ ဒါကြောင့် သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်"ဟုဆိုသည်။

လက်ရှိအနေအထားအရ ကုန်ရထားများဖြင့် အဓိကသယ်ယူပို့ဆောင်ပေးနေသော ရထားလမ်းပိုင်းများမှာ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ မန္တလေး-လားရှိုးလမ်းပိုင်း၊သာစည်-ရွှေညောင်-မြင်းခြံလမ်းပိုင်းနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ကျောက်ပန်းတောင်းလမ်းပိုင်းတို့ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း၌ ရထားဖြင့်ကုန်စည်တင်ပို့မှုမှာ တန်ချိန် ၃ဒသမ ၅၈ သန်းထိရှိခဲ့ပြီး၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကာလ၌ ကုန်စည်တင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၂၈ သန်းထိသာလျော့နည်းသယ်ယူပို့ဆောင်ခဲ့ရကြောင်း၊ ထိုကဲ့သို့ကုန်စည်တင်ပို့မှု ပမာဏလျော့နည်းလာရခြင်းမှာလည်း စက်ခေါင်းနှင့်ကုန်တွဲများအသုံးပြုမှု သက်တမ်းကျော်လွန်လာသည့်အတွက်ဖြစ်ကြောင်း၊ ထို့ပြင်ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရထားစက်ခေါင်းနှင့်ကုန်တွဲများ ဝယ်ယူမြှုပ်နှံပြီး မြန်မာ့မီးရထားနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၄ခုနှစ် မေလမှစတင်၍ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းခြောက်မျိုးအနက် မြန်မာ့မီးရထားတင်ဒါစိစစ် ရွေးချယ်ရေးကော်မတီ၏ တင်ပြချက်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အတည်ပြုပြီးဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှစ်ခုအတွက် စင်းလုံးရထားပြေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

# ဒဂုံမြို့နယ်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ယနေ့နံနက်ပိုင်းက ပြုတ်ကျ၍ ရရှိဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ဒဂုံမြို့မရဲစခန်းမှသိရသည်။

"ဟိုတယ်က ဖုန်းဆက်အကြောင်းကြားတာနဲ့ ချက်ချင်းသွားရောက်စစ်ဆေးပြီး ဆေးရုံကိုပို့တယ်။ ဆေးရုံဝင်ပေါက်နားရောက်တဲ့ အချိန်မှာပဲ ရရှိဒဏ်ရာနဲ့သေဆုံးသွားပါတယ်"ဟု ဒဂုံမြို့မစခန်းမှူးက ပြောသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက်နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က အဆိုပါရပ်ကွက် နဝဒေးလမ်းရှိ အယ်ဖာဟိုတယ်အပေါ်ထပ်မှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျကြောင်း သတင်းအရ သက်ဆိုင်ရာတာဝန်ရှိသူတို့က သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အဆိုပါဟိုတယ် ၁၀ လွှာရှိ အခန်းအမှတ် ၁၀၀၃ တွင် တည်းခိုနေသူ ဂျပန်နိုင်ငံသား Mr. KURIHARA KENTARO (၅၃)နှစ်သည် ယင်းဟိုတယ်ရှေ့ရှိ ယာဉ်ရပ်နားရာနေရာ၌ ဘေးစောင်းအနေအထားဖြင့် နဖူး ဝဲဘက်ညိုမည်းဖူးရောင် ဒဏ်ရာ၊ ဝဲမျက်ခုံးစုတ်ပြဲဒဏ်ရာ၊ ဝဲမျက်လုံး ဖူးရောင်ဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ဝဲလက်ခုံပွန်းဒဏ်ရာတို့ဖြင့် လဲကျနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ်သေဆုံးသွားခြင်းဖြစ်သည်။

အဆိုပါ သေဆုံးသူ ဂျပန်နိုင်ငံသားသည် SOJITZ Corporation Yangon နှင့် ဆက်သွယ်၍ စားသောက်ကုန်လုပ်ငန်းများဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၈ ရက်က အဆိုပါဟိုတယ်သို့ စတင်ရောက်ရှိပြီး အခန်းအမှတ် ၁၀၀၉ တွင် တစ်ဦးတည်း တည်းခိုနေထိုင်ခဲ့ရာမှ ၎င်း၏အခန်းသည် အင်တာနက် ဆက်သွယ်မှုလိုင်းမကောင်းဟုဆိုကာ မတ် ၅ ရက်တွင် အခန်းအမှတ် ၁၀၀၃ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"အခန်းပြောင်းသွားတဲ့ အချိန်ကစပြီး အခန်းအပြင်လည်း မထွက်တော့ဘူး။ ဧည့်သည်လာတာလည်း မတွေ့ဘူး။ ဒီနေ့မနက်ပိုင်းမှာတော့ သူတည်းခိုတဲ့ အခန်းရဲ့ ပြတင်းပေါက်ကနေပြုတ်ကျပြီး အောက်မှာရှိတဲ့ ဓာတ်ကြိုးနဲ့ ကားခေါင်မိုးပေါ်ကတစ်ဆင့် မြေပြင်ပေါ်ကို ကျတာပါ။ လတ်တလောမှာတော့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး စစ်ဆေးမှုတွေလုပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဒဂုံမြို့နယ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **သတင်း-ဇော်ကြီး (ပဏီတ)၊**

**ဓာတ်ပုံ-Yangon Police**

**❒ တောင်ကိုရီးယားမှ**

မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများပြုလုပ်မည့် တောင်ကိုရီးယား ရှင်းဟန်ဘဏ်၏ ပထမဆုံးအကြိမ်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၁ ခုနှစ်မှစတင်ကာ ၈ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိပြီး တည်ငြိမ်သောနိုင်ငံရေးအခြေအနေများက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေလိမ့်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ဘဏ်ခွဲသစ်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ တစ်နှစ်တာကာလအတွင်း တရားဝင်လျှောက်ထားခွင့်ရရှိရန်လည်း ရှင်းဟန်ဘဏ်က မျှော်လင့်ထားကြောင်း သည်ကိုရီးယားဟာရယ်သတင်းဌာနက မတ် ၆ ရက်တွင် သတင်းဖော်ပြသည်။

**(ငွေကြယ်)**



# မော်ချီးဒေသ သဘာဝဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်

**လွိုင်ကော် မတ် ၆**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ မြေပြိုဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့်အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မတ် ၅ ရက် နံနက် ၁၁ နာရီက ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ အခြေခံပညာအထက်ကျောင်း၌ ပြုလုပ်ရာ ကယားပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတော့ရယ် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိန်က ရှင်းလင်းတင်ပြပြီး ကယားပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက မြေပြိုဘေးသင့်မိသားစုများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ မြေပြိုဘေးသင့်ပြည်သူများကိုယ်စားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိန်က စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များ ကို ဘေးဒဏ်သင့်ပြည်သူများအား အကြိမ်ကြိမ်ထောက်ပံ့ပေးအပ်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ်မြောက်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း စီမံကိန်းဆေးရုံဟောင်းတွင်ရှိသည့် ဒုက္ခသည်များကိုလည်း နေ့စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့ပေးအပ်သည့် ပစ္စည်းများကတော့ ကယ်ဆယ်ရေးပစ္စည်းဂိုဒေါင် တို့တွင် ထိန်းသိမ်းထားရှိသည့် လက်ကျန်ပစ္စည်းများကို ဒုက္ခသည်များလက်ဝယ်အရောက် လူဦးရေအလိုက် အချိုးကျ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပေးအပ်မည့်ပစ္စည်းများမှာ ဆန် ၂၃၅၅ ပြည်၊ ဆီ ကျပ်သား ၁၀၇၀၀၊ ဆား ၄၉၅ ထုပ်၊ ခေါက်ဆွဲ ၂၅၁၀၇ ထုပ်၊ ပြောင်းဖူးဘူး ၅၈၈၀ တို့ကို ဘေးဒဏ်သင့်အိမ်ထောင်စု ၁၃၅စု (လူဦးရေ ၄၅၃ ဦး)အားအချိုးကျ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း အဝတ် အထည်များ၊ ရိက္ခာခြောက်အိတ်များ၊ ကြွေရည်စိမ်ပစ္စည်းများ၊ ငပိထောင်း၊ ဆပ်ပြာ၊ ဒန်အိုး/ဒယ်အိုး၊ စတီး ဇလုံ၊ မိုးကာ အကျီစသည့်ပစ္စည်းများကို မဲစနစ်ဖြင့် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ပြောသည်။




ယင်းနောက်ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော မော်ချီးဒေသပြန်လည်ထူထောင် ရေးနှင့် အနာဂတ်အလင်းတန်းကျေးရွာ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး လူနေအိမ်များ၊ စာသင်ဆောင်များနှင့် စာကြည့်တိုက်၊ အားကစားကွင်းဆောက်လုပ်ခြင်း၊ ရေသွယ်ယူရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**လွိုင်ကော်(ပြန်/ဆက်)**



# တက္ကသိုလ်၏အရည်အသွေးများ ပိုမိုမြင့်မားစေရန်အတွက် ISO 9001:2015 Certificate သင်တန်းပို့ချ

**ရန်ကုန် မတ် ၆**

အမေရိကန်နိုင်ငံအခြေစိုက် ABS (Quality Evaluations) မှ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး သင်ကြားပို့ချလိုက်သော ISO 9001:2015 Certificate သင်တန်းအား စင်ကာပူနိုင်ငံရှိ ABS Quality Evaluations မှ Country မန်နေဂျာ မစ္စတာ James Chan နှင့် မြန်မာနိုင်ငံမှ Lead Auditor ဦးဇော်ဝင်းအေးတို့က ဆေးတက္ကသိုလ်(၁)ရှိ သင်တန်းသားများအား မတ် ၅ ရက်နှင့် ၆ ရက်က ပို့ချပြီးစီးခဲ့ကြောင်းသိရသည်။

တက္ကသိုလ်၏အရည်အသွေးများ ပိုမိုမြင့်မားလာရုံသာမက လစ်လပ်မှုများလျော့နည်းသွားစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်အဖြစ် တွင်ကျယ်စွာ ရပ်တည်နိုင်ရန်အတွက်လည်းကောင်း ABSQE နှင့် ရယူရန်ပြင်ဆင်လျက်ရှိသော ဆေးတက္ကသိုလ်(၁)မှ ISO 9001:2015 နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်အား ရရှိရန်အတွက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံပေါင်း ၁၇၀ ကျော်မှ အသိအမှတ်ပြု ကျင့်သုံးနေသည့် ISO 9001:2015 Internal Auditor သင်တန်းအားတက်ရောက်ဆည်းပူးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ISO 9001:2015 Internal Auditor သင်တန်း၌ ဆေးတက္ကသိုလ်(၁)မှ တက္ကသိုလ်ဆရာ၊ ဆရာမများ၊ပါမောက္ခများ၊ ဌာနမှူးများ စုစုပေါင်း ၄၀ တို့ တက်ရောက်ဆည်းပူးခဲ့ကြပြီး သင်တန်း၌ ABS Quality Evaluations မှ Country မန်နေဂျာမစ္စတာ James Chan နှင့် Lead Auditor ဦးဇော်ဝင်းအေးတို့က ISO Standards များနှင့် Auditing Techniques များ၏ အကြောင်းအရာများကိုရှင်းလင်းပို့ချပေးခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# တိုးချဲ့ဆောင်ရွက်ပေးထားသော လမ်းများပေါ်တွင် လမ်းနယ်ကျူးကျော်ဈေးရောင်းချခြင်း မပြုစေလို

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးနှင့် လမ်းအသုံးပြုသူခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေးတို့အတွက် ပျံ့ကျဈေးသည်များအား လမ်းနယ်ကျူးကျော်၍ ဈေးရောင်းချခြင်းမပြုရန် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများက အသိပေးနှိုးဆော်ထားသကဲ့သို့ စည်းကမ်းလိုက်နာမှုမရှိသော ဈေးသည်များအား စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်နေသော်လည်း ပျံ့ကျဈေးသည်အချို့မှာ တာဝန်ရှိသူများအလစ်အငိုက်တွင် လမ်းနယ်ကျူးကျော်ဈေးရောင်းချမှုရှိနေကြောင်း မြောက်ဒဂုံ (၇/၈) လမ်းဆုံအနီး နေထိုင်သူတစ်ဦးက ပြောသည်။

"ပြည်ထောင်စုလမ်းမကြီးကို လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့လိုက်တော့ အတော်အသင့် ပြေလည်သွားတယ်။ဒါပေမယ့် တိုးချဲ့ပေးလိုက်တဲ့ လမ်းနယ်နိမိတ်မှာ လမ်းပေါ်တက်ပြီး ဈေးရောင်းနေတော့ ယာဉ်မတော်တဆဖြစ်မှာ စိုးရိမ်ရတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ (၇/၈) လမ်းဆုံသည် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ဒဂုံတက္ကသိုလ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ထားဝယ်ချောင်ကြိုးတံတား၊ ဒဂုံမြို့နယ်တောင်ပိုင်းမြို့နယ် တောင်မြောက်လမ်းဆုံ၊ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်အဝိုင်းနှင့် ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဆုံဖြစ်ကြောင်း သိရသည်။

**(မောင်သုည)**

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

**(ယမန်နေ့မှအဆက်)**

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁၈။ | ရွှေကျားညီနောင် | စွမ်းအားပြည့် သဘာဝ အားဖြည့်ဆေး | ချက်ဆေး/ ဆေးဘူး | ရွှေကျားညီနောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အမှတ်(၃၁/၄)၊ ဘော်စင်လမ်း၊ သုဝဏ္ဏ၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။ |
| ၁၉။ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိ | ဆေးစွမ်းထက်သော ခွေးလေျှးယားသီးနက်စေ့ (Cowhage) | အစေ့/ ဆေးဘူး | ၇၆-လမ်း၊ အကွက်(၂၁)၊ မြောက်ပြင်၊ မန္တလေးမြို့။ |
| ၂၀။ | စိန်လက်မ | ပတ်လိမ်တန်း ခေါင်းကိုက်ပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | စိန်လက်မ ဆေးတိုက်ကြီး၊ ရန်ကုန်မြို့။ |

**(ခ) တိုင်းရင်းဆေးဝါးထုပ်ပိုးပုံစံဖြင့် ထုပ်ပိုးထားပြီး မည်သည့်မှတ်ပုံတင်မှုမရှိဘဲ အနောက်တိုင်းဆေးဝါးပါဝင်သည်ဟု ဖော်ပြထားသော ဆေးဝါးများ (၂)မျိုး**

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ၅-မိနစ် | အပူကျဖျားနာအကိုက်အခဲပျောက်ဆေးမှုန့် | ဆေးမှုန့်/ ဆေးထုပ် | နာရီတံဆိပ်ဆေးဝါးထုတ်လုပ်ရေး၊ လိပ်စာတိကျစွာ ဖော်ပြထားခြင်းမရှိ |
| ၂။ | Tiger Head | အပူကျ အကိုက်အခဲပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | Tiger Head Pharmaceutical Factory,Myanmar. လိပ်စာတိကျစွာ ဖော်ပြထားခြင်းမရှိ |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# (၇၁) နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု သွေးလှူဒါန်း

**ကျောက်တန်း မတ် ၆**

(၇၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့ စံချိန်မီရပ်ကွက် ကရုဏာရေစင် နာရေးကူညီမှုအသင်းမှ အသင်းသူ အသင်းသား ၇၀ ခန့်သည်မတ် ၅ ရက်က တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်း အနေဖြင့် အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တွင်တက်ရောက်ကုသနေကြသော တပ်မတော်သားများအတွက် လိုအပ် သလို အသုံးပြုနိုင်ရန် သွားရောက် စုပေါင်းသွေးလှူကြရာ ရောဂါဗေဒ ဌာနမှ ဒုတိယဌာနမှူး ဗိုလ်မှူး ကျော်ကျော်လွင်က လက်ခံရယူ၍ သွေးလှူရှင်များအား ဆေးဝါးနှင့် ကြက်ဥ၊ မုန့်၊ အာဟာရများ ပြန်လည်ကျွေးမွေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို အဖွဲ့ခေါင်းဆောင် ဦးသူရလွင်ထံပေးအပ်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



# စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသည့်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**စစ်ကိုင်း မတ် ၆**

စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသည့်ကျေးရွာများသို့ မြို့မိ မြို့ဖများ ဦးဆောင်သော အလှူရှင်များအဖွဲ့က သောက်သုံးရေများကို ကျေးရွာများအရောက် သွားရောက်လှူဒါန်းလျက်ရှိရာ ဆည်လေးတောကျေးရွာနေပြည်သူများအတွက် လိုအပ်သည့် သောက်သုံးရေများကို မတ် ၅ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာရှိ ကင်းမင်းဆည်ပရိယတ္တိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက အဖွင့်အမှာစကားကိုလည်းကောင်း၊ သမဝါယမတက္ကသိုလ် ပါမောက္ခ ဒေါက်တာထွန်းမမခိုင်က စံပြကျေးရွာစီမံကိန်းအကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးမြင့်မောင်က အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့်အလုပ်ရုံဆွေးနွေးပွဲမှ သိရှိခဲ့ရသည့် အကြောင်းအရာများကိုလည်းကောင်း ကျေးလက်နေပြည်သူများ သိရှိသင့်သည်များကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖဦးသန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက်အလှူရှင်များဖြစ်သည့် အင်းစိန်မြို့နေ ဒေါ်ရင်မေ (သား) ဦးကျော်ဇေယျာဦး၊ ရန်ကုန်မြို့နေ ဒေါက်တာသန်းထိုက်ကျော်၊ ဒေါ်ခိုင်ဇင်ဇင်နွယ်မိသားစုနှင့်မိတ်ဆွေအလှူရှင်များက လှူဒါန်းသည့် သောက်သုံးရေများအား မြို့မိမြို့ဖအဖွဲ့မှဦးဆောင်ကာ မြို့နယ်မီးသတ်မှ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာမှရေသယ်ယာဉ်တစ်စီး၊ မြို့မိမြို့ဖအဖွဲ့က ရေသယ်ယာဉ်တစ်စီး၊ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ရေသယ်ယာဉ်တစ်စီး စုစုပေါင်းရေဂါလန် ၅၈၀၀ ကို အဆိုပါ ကျေးရွာမူလတန်းကျောင်းဝင်းအတွင်း၌ ကျေးလက်နေပြည်သူများအား လှူဒါန်းခြင်းနှင့် ကလေးငယ်များအား ရေခဲမုန့်နှင့် ကိတ်မုန့်များ ပေးဝေခဲ့ကြသည်။

အနယ်နယ်အရပ်ရပ်မှ သောက်သုံးရေလှူဒါန်းလိုသူများနှင့် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှ သောက်သုံးရေ အခက်အခဲရှိသူများ ဦးဇော်ဝင်းဥက္ကဋ္ဌ၊ မြို့မိ မြို့ဖအဖွဲ့စစ်ကိုင်းမြို့ ဖုန်း -၀၉-၂၀၁၁၄၁၂ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# လေလံဆွဲဝယ်ယူရရှိသည့်တိုင် မမှန်မကန်လိမ်ညာဆွဲဝယ်လျှင် လိုင်စင်ကြေးငွေများကို ကော်မတီပိုင်အဖြစ်သိမ်းယူပြီး နာမည်ပျက်စာရင်းသွင်းမည်

**မုံရွာ မတ် ၆**

လေလံဆွဲဝယ်ယှဉ်ပြိုင်သူသည် လေလံဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလေလံစည်းကမ်းများနှင့် မကိုက်ညီဘဲ မမှန်မကန်လိမ်ညာ၍ဆွဲဝယ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရပါက ပေးသွင်းပြီးသော လိုင်စင်ကြေးငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူပြီး စည်းကမ်းနှင့်အညီ ပြန်လည်လေလံတင်ရောင်းချမည်ဖြစ်ပြီး ၎င်းကို နာမည်ပျက်စာရင်း (Black List) တင်သွင်းသတ်မှတ်ခံရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် တစ်ဦးထံမှ သိရသည်။

ထို့ပြင် လေလံဆွဲဝယ်ရရှိပြီး ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုဘဲ လိုင်စင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများတွေ့ရှိပါက ပေးသွင်းပြီးဖြစ်သော လိုင်စင်ကြေးငွေများအား ကော်မတီပိုင်အဖြစ်သိမ်းယူ၍ စည်းကမ်းများနှင့်အညီ ပြန်လည်လေလံတင်ရောင်းချမည်ဖြစ်ပြီး ၎င်းကိုနာမည်ပျက်စာရင်း(Black List) တင်သွင်းသတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

"လေလံဆွဲဝယ်သူဟာ ၂၀၁၆-၂၀၁၇ ခုနှစ် လေလံတစ်ခုခုကို ဝယ်ယူရရှိသူဖြစ်ပြီး ရတဲ့လေလံကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ အခြားသူတစ်ဦးကို ငွေကြေးနဲ့ ပြန်လည်ရောင်းချတယ်လို့ လေလံရောင်းချရေးအဖွဲ့က ထင်မြင်ယူဆရင် အဲဒီဆွဲဝယ်တဲ့သူကို လေလံဆွဲဝယ်ခွင့်ကို ပယ်ဖျက်နိုင်ပါတယ်"ဟု အဆိုပါ ကော်မတီဝင်က ပြောသည်။

လေလံဆွဲဝယ်စဉ် ဆွဲဝယ်သူသည် အမှန်တကယ်လုပ်ကိုင်မည့်သူမဟုတ်ကြောင်း လေလံရောင်းချရေးအဖွဲ့က ယူဆလျှင် အဆိုပါဆွဲဝယ်သူအား လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခံရမည့်အပြင် ကြိုတင်စားပွဲတင် အာမခံငွေကို အဖွဲ့ပိုင်အဖြစ် အသိမ်းခံရမည်ဖြစ်ကြောင်း သိရသည်။ အခွင့်အရေးလိုင်စင်တစ်ခုအား လေလံရောင်းချနေစဉ် ပန်းကြေးရယူကြောင်း ထင်မြင်ယူဆရပါက ဆက်လက်ရောင်းချခြင်းမပြုဘဲ နောက်တစ်ကြိမ်လေလံတင်ရောင်းချမည်ဖြစ်ပြီး ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကို ရုပ်သိမ်းပြီး ၎င်းတို့တင်သွင်းထားသော စားပွဲတင်အာမခံငွေများကို အဖွဲ့ပိုင်ငွေအဖြစ်သိမ်းယူမည့်အပြင်လေလံဆွဲဝယ်ခွင့် ပိတ်ပင်ခြင်း၊ နာမည်ပျက်စာရင်း တင်သွင်းကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စပျစ်သီးဈေးကောင်းရ၍ စပျစ်စိုက်သူများ ယခင်နှစ်ထက်ဝင်ငွေပို

**ရမည်းသင်း မတ် ၆**

စပျစ်သီးဈေးကောင်းရ၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စပျစ်စိုက်ပျိုးသူများ ယခင်နှစ်ကထက်ဝင်ငွေပိုသည်ဟု သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း စပျစ်ကို ကျေးရွာဒေသအသီးသီးတွင် စိုက်ပျိုးကြသည်ဖြစ်သော်လည်း ရွာတန်းတိုက်နယ် ၂၄ ရွာတွင် အများအပြားစိုက်ပျိုးကြသည်။

ဘလက်ကွင်း၊ ဘစ်ဘလက်၊ နံပါတ်သရီး၊ သီးချွန်းစသော စပျစ်မျိုးတို့ကို စိုက်ပျိုးကြရာတွင် အများအားဖြင့် နံပါတ်သရီးကိုသာ အစိုက်များကြသည်ဟု သိရသည်။



စပျစ်စိုက်ပျိုးသူများမှာ စပျစ်ပင်များမှ တစ်နှစ်လျှင်နွေသီး၊ မိုးသီးဟူ၍ နှစ်ကြိမ် အသီးဖြတ်ကြပြီး မိုးရာသီတွင်သီးသောအသီးမှာ ဈေးကွက်အရ ဈေးနှုန်းနိမ့်၍ အစိမ်းလိုက်ဆွတ်၍သာရောင်းကြသည်။ ထို့ကြောင့် ဈေးကွက်အရ ဈေးနှုန်းပိုသော နွေရာသီတွင် သီးမည့် နွေသီးကိုသာ အဓိကထားကြသည်ဟု သိရသည်။ ယခုနှစ်တွင် ဆေးဈေး၊ မြေဩဇာဈေးမှာ ယခင်နှစ်ကထက် ဈေးကြီးပေး၍ဝယ်သုံးရသော်လည်းစပျစ်ခြံစိုက်သူများအတွက် နစ်နာမှုမရှိဟု ရွာတန်းတိုက်နယ် ကုလားမျောရွာမှ စပျစ်စိုက်ခြံရှင်တစ်ဦးက ပြောသည်။

ယနေ့စပျစ်သီးဈေးနှုန်းမှာ သီးချွန်း တစ်ပိဿာလျှင် ကျပ် ၂၈၀၀ မှ ကျပ် ၃၀၀၀၊ ဘလက်ကွင်း တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၂၀၀၊ နံပါတ်သရီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၁၈၀၀ ဝန်းကျင်ရောင်းချရပြီး ယခင်နှစ်ကထက် ဈေးကောင်းရသောကြောင့် ဝင်ငွေပိုသည်ဟု သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**

သူ့အတွေး သူ့အမြင်

# လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်သည့် ဝန်ထမ်းဘဝ

အချိန်တွေတရိပ်ရိပ် ဖြတ်သန်းကုန်လွန်လာသည်နှင့်အမျှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် မိမိတွယ်တာမြတ်နိုးသည့် အင်ဂျင်နီယာဘဝကို ဖြတ်သန်းလာခဲ့သည်မှာ နှစ်နှစ်တာကာလ ကျော်လွန်လာခဲ့ချေပြီ။ အချိန်တွေ မရပ်တန့်သလို ကြိုးစားမှုတွေလည်း ရပ်တန့်၍မရဟူသည့် အတွေးတစ်ခုဖြင့်ပင် ရုံးလုပ်ငန်းဆောင်တာများကြား ကြိုးစားမှုများကို မြှုပ်နှံထားခဲ့သည်။ ကျောင်းသူဘဝကတည်းက ဖြစ်ချင်ခဲ့သည့် ဖယ်ရီကားလေးစီးကာ ရုံးတက်ရသော အစိုးရဝန်ထမ်းဘဝသည် သက်သောင့်သက်သာဖြင့် ဖြတ်သန်းရလွယ်ကူလိမ့်မည်ဟု ထင်ခဲ့မိသမျှ လက်တွေ့တာဝန်ထမ်းဆောင်ရသည့်အချိန်တွင်တော့ ထင်သလောက် မလွယ်ကူမှန်း သိခဲ့ရသည်။ ကျောင်းသူဘဝကို အတွေးရောက်မိတိုင်း စိတ်ကူးဖြင့် ပုံဖော်ခဲ့ဖူးသည့် စိတ်ကူးအိပ်မက်များ၊ ဝေဝါးမှေးမှိန်သွားခဲ့သည့် မျှော်လင့်ချက်အပိုင်းအစများက အတွေးထဲ ဝဲလှည့်လာခဲ့မြဲ။

ကျောင်းသူဘဝမှ တကယ့်လက်တွေ့ဘဝသို့ဝင်ရန်ဖြစ်လာသော ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် ဘွဲ့နှင်းသဘင်ခန်းမမှ ဘွဲ့လက်မှတ်ကိုင်ဆောင်၍ ထွက်ခွာလာချိန်၌မူ ကျွန်မဘာအလုပ်လုပ်ရမည်ကို ဆုံးဖြတ်ချက်ရေရေရာရာ မချနိုင်ခဲ့ပေ။

ဌာနဆိုင်ရာရုံးများတည်ရှိရာ နေပြည်တော်သို့ သူငယ်ချင်းတစ်စု အလုပ်လျှောက်ရန် ရောက်ရှိခဲ့ချိန်တွင်မူ ဖယ်ရီကားလေးများဖြင့် ရုံးတက်ရသည့် ဝန်ထမ်းဘဝကို အားကျခဲ့မိသည်။ ကြိုးစားပမ်းစားဖြင့် အလုပ်ဝင်ခွင့်စာမေးပွဲများစွာ ဖြေဆိုခဲ့သည့်တိုင် ရလဒ်ကောင်းများနှင့် ဝေးကွာခဲ့သည့် နေ့ရက်များတွင် ကျောင်းသူဘဝက ဆရာတစ်ဦး ပြောခဲ့သည့်စကားတစ်ခွန်းကို အမှတ်ရမိသည်။

ကျွန်မတို့ နောက်ဆုံးနှစ်ကျောင်းသူဘဝတွင် ဆရာက "မင်းတို့ကျောင်းတက်ဖို့ နောက်တစ်နှစ်ကျန်သေးသည်"ဟု ဆိုခဲ့သည့်အခါ ဆိုလိုသည့်အဓိပ္ပာယ်ကို နားမလည်နိုင်ဖြစ်ခဲ့ရသည်။ စင်စစ်မူ ကျောင်းပြီးချိန်တွင် ဘွဲ့လက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ စုပေါင်းထည့်ထားသည့် ဖိုင်လေးကိုင်ကာ ယောင်လည်လည်နှင့် အလုပ်လိုက်လျှောက်ရသည့်နှစ်၊ ဖိုင်ကိုင် year ပါထည့်ပေါင်း၍ ပြောခဲ့ခြင်းဖြစ်ကြောင်း ထိုအခါမှပင် နားလည်ခဲ့တော့သည်။

ကျွန်မတို့မှာ မိန်းကလေးပီပီ စာကိုနှုတ်တိုက်ကျက်၊ Roll No. ထိပ်ဆုံးမှ ရောက်ချင်စိတ်ဖြင့် ကြိုးစားခဲ့ကြ၍ ကျောင်းတွင်စာတော်ခဲ့ကြသည့်တိုင် လက်တွေ့လုပ်ငန်းခွင်ဝင်သည့်အခါ၌မူ လူတွေ့ဖြေဆိုတိုင်း မအောင်မမြင်နှင့် အလုပ်ရရန် လွန်စွာခက်ခဲခဲ့ကြသည်။

ကြိုးစားမှု၏ရလဒ်အနေဖြင့် ၂၀၁၂ ဧပြီလတွင်မူ တောင်ငူမြို့မှမိုင် (၂၀)နီးပါးဝေးကွာသော သောက်ရေခပ်ရေအားလျှပ်စစ်တွင် အလုပ်ရခဲ့သည်။ သည်တော့လည်း ကျောင်းသူဘဝကစာတွေ့လေးများ အသုံးတည့်ခဲ့ပြန်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပုံ၊ ထုတ်လုပ်နည်းများကို မှတ်သားသင်ယူရချိန်တွင် ကျောင်းသူဘဝက ထုံးစံအတိုင်းပင် စာအုပ်လေးတစ်အုပ်ကိုင်၍ ခေါင်းဆောင်ပြောသမျှ "၏/သည်"မရွေး လိုက်မှတ်ပါတော့သည်။

သည်နေရာမှာ ဇာတ်လမ်းကစသည်။ ပြောသမျှ လိုက်မှတ်ပေသော်လည်း တကယ်မလုပ်တတ်ချေ။ ခေါင်းဆောင်ဆူပူသမျှ မျက်ရည်နှင့်မျက်ခွက်နှင့် ကြိုးစားခဲ့ကြရပြန်သည်။ စိတ်ဝင်တစားဖြင့် အပင်ပန်းခံ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ကျွန်မတို့ သူငယ်ချင်းတစ်စု လျှပ်စစ် အင်ဂျင်နီယာများအဖြစ် အစမ်းခန့်သုံးလမပြည့်ခင် အတည်ဝန်ထမ်းဖြစ်ခဲ့ပါသည်။ သို့သော် ဖြစ်ချင်ခဲ့သည့် အစိုးရဝန်ထမ်းဘဝနှင့်မူ အလှမ်းကွာနေဆဲ။ ဖြစ်ချင်တာနှင့် ဖြစ်နေတာ ခြားနားနေခဲ့သည့်တိုင် လုပ်သလိုမဖြစ်၍ ဖြစ်သလိုလုပ်ခဲ့ရသော ကာလများပင်။

တစ်နေ့ . . . ထိုတစ်နေ့သည် ကျွန်မ၏ စိတ်ကူးမျှော်လင့်ချက်လေး စတင်အသက်ဝင်လာသည့်နေ့ဟု ဆိုရမည်ထင်သည်။ ကျွန်မအလုပ်ထဲမှပြန်ရောက်ချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)တွင် အလုပ်လုပ်ကိုင်နေသောအစ်မဆီမှ ဖုန်းဝင်လာပါသည်။ အလုပ်ရပြီဖြစ်ကြောင်းနှင့် Duty Report တင်ရန် ချက်ချင်းလာရမည်ဆို၍ အထုတ်အပိုးများပင်မသိမ်းနိုင်ဘဲ ညနေခင်းဈေးကားနှင့် တောင်ငူမြို့ပေါ်သို့ ထွက်လာခဲ့တော့သည်။

အစိုးရဝန်ထမ်းဘဝ ပထမဆုံးနေ့စတင်ပါပြီ။ ကျွန်မအစ်မဖြစ်သူနှင့် ဖယ်ရီကားလေးစီးကာ ရုံးအမှတ် (၁၄)သို့ရောက်ရှိ၍ သတင်းပို့ပြီးချိန်တွင် ဌာနမခွဲရသေးခင်ကာလ၌ စီမံရေးရာဌာန၌ ဝိုင်းဝန်းလုပ်ကိုင်ခဲ့ရသည်။ နောင်တာဝန်ခွဲပေးချိန်တွင် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သူဖြစ်သဖြင့် ကျေးလက်မီးလင်းရေးနှင့် စံပြကျေးရွာအကောင်အထည်ဖော်ရေးဌာန၌ တာဝန်ကျခဲ့ပါသည်။ ဝန်ထမ်းဖြစ်ချင်ခဲ့သော်လည်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို နားမလည်ခဲ့သလို ကျွန်မက ခိုင်းတာလုပ်၍ ရုံးဆင်းချိန်ကျလျှင် အိမ်ပြန်ကာ ပေါ့ပေါ့ပါးပါးနေခဲ့မိသည်။ အိမ်ပြန်ရောက်၍ ကျွန်မအဖေက "ရုံးမှာ ဘာလုပ်ရသလဲ"ဟူ၍မေးတိုင်း ကျွန်မတွင် ဖြေစရာအဖြေမရှိခြင်းကို အကြိမ်ကြိမ်ရင်ဆိုင်လာရသည့်အခါ ရှက်စိတ်ဝင်လာခဲ့သည်။

အလုပ်ဟူသည် လုပ်ရင်းတတ်မည်ဆိုသည်ထက် ကိုယ့်ဘက်ကလည်း ကြိုးစားလုပ်ကိုင်ရန်လိုအပ်ကြောင်း အသိစိတ်ဝင်ခဲ့သည့်အတွက် ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အစ်မဖြစ်သူ၏ အကူအညီဖြင့် သင်ယူမှတ်သားကာ လိုက်နာခဲ့သကဲ့သို့ အထက်လူကြီးများ၏ လမ်းညွှန်သင်ကြားပေးမှုများကိုလည်း တစ်သဝေမတိမ်း လိုက်နာခဲ့သည်။ သင်၍ မကုန်ခန်းနိုင်သော ရုံးလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများကို သင်ကြားလိုက်နာရင်း အဖေ၏မေးခွန်းကိုဖြေရန် ကျွန်မတွင် အဖြေရှိလာခဲ့သည်။ ကျွန်မ၏ ဝန်ထမ်းဘဝ တစ်စထက်တစ်စ ရုပ်လုံးပေါ်လာခဲ့ပြီး ရပ်တည်နိုင်စပြုခဲ့ပါပြီ။

ကျွန်မတို့ဦးစီးဌာန၏ အဓိကတာဝန်များဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျရာနေရာ၊ ရရာတာဝန်ဖြင့် ဆောင်ရွက်ရင်းမှ လုပ်ငန်းခွင်သဘောသဘာဝ၊ လိုအပ်သည့် သင်ယူမှု၊ သင်ကြားမှုများဖြင့် မိမိကိုယ်ကို ရှုန်းကန်တည်ဆောက်ရင်း ဝန်ထမ်းဘဝ၏ ရပ်တည်ချက်ကို တစ်စတစ်စ ပိုမိုသိရှိနားလည်လာခဲ့ရသည်။ တာဝန်ကို စေတနာအရင်းခံ၍ ဆောင်ရွက်ရင်းဖြင့် ရုန်းကန်ကြိုးစားဆဲဝန်ထမ်းတစ်ယောက်ဘဝမှ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားရန် ဆုံးဖြတ်ချက်ချရင်းဖြင့် နေ့သစ်များကို ဆက်လက်ဖြတ်သန်းပါဦးမည်။ ။

**သြလေး(နည်းပညာ)**

# ကိုယ်ရည်ကိုယ်သွေးမြင့်မားတဲ့ အလှမယ်တွေ မွေးထုတ်ပေးမယ်ဆိုတဲ့ Miss Universe Myanmar 2014 သျှားထွင့်အိန္ဒြာ

[ မင်းလုသား ]

**အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သည့် Miss Universe 2014 ပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် သျှားထွင့်အိန္ဒြာနှင့် တွေ့ဆုံခဲ့ကာ လတ်တလော အနုပညာလှုပ်ရှားမှုများနှင့် ပရဟိတအလုပ်များအကြောင်း မေးမြန်းဖြစ်ခဲ့ပါတယ် -**



*လတ်တလော အနုပညာလှုပ်ရှားမှုအကြောင်း ပြောပြပေးပါ-*

သျှား အခုအနုပညာလှုပ်ရှားမှု အနေနဲ့ကတော့ Miss တွေအတွက် Trainer လိုက်လုပ်ဖြစ်ပါတယ်။ Catwalk Show တွေပြန်လျှောက်တယ်၊ ဓာတ်ပုံတွေရိုက်ဖြစ်တယ်၊ ကြော်ငြာတွေရိုက်ထားတာလည်းရှိပါတယ်။ အစီအစဉ်တွေလည်း ရိုက်ဖြစ်ပါတယ်။

*Miss Universe ပြိုင်ပွဲပြီးနောက်ပိုင်း ဘာတွေအဓိက လုပ်ဖြစ်လဲ-*

အဓိကကတော့ ပရဟိတအလုပ်တွေ လုပ်ဖြစ်ပါတယ်။ အနုပညာအလုပ်တော့ သိပ်မလုပ်ဖြစ်ဘူး။ Miss Universe ပြိုင်ပွဲအတွက် Trainer လုပ်ဖြစ်ပါတယ်။

*Miss တစ်ယောက်ကနေ Trainer တစ်ယောက်ဖြစ်လာတဲ့အခါ Miss တွေကိုဘယ်လို သင်ပြပေးလဲ-*

သျှားကတော့ ကိုယ့်အတွေ့အကြုံနဲ့ယှဉ်ပြီး သင်ကြားပေးတယ်။ ညီမလေးတွေအတွက် ကိုယ်ရည်ကိုယ်သွေးမြင့်မားအောင်၊ စိတ်ဓာတ်မြင့်မားအောင်၊ နောက် စင်ပေါ်မှာ လှပစွာနဲ့ ဂုဏ်ယူဝင့်ကြွားစွာပွဲထွက်နိုင်အောင် သင်ပေးတယ်။ Catwalk လျှောက်တာ လမ်းလျှောက်တဲ့အပိုင်းက အစ Perfect ဖြစ်နေတဲ့ အလှမယ် တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပေးပါတယ်။ နောက်မိတ်ကပ်လိမ်းတာ၊ ပြင်ဆင်တာကို သင်ပေးဖြစ်ပါတယ်။

*ဒီနှစ်သင်္ကြန် ဘယ်မှာရှိမလဲ-*

ဒီနှစ်သင်္ကြန် နိုင်ငံခြားခရီးစဉ်မရှိရင် ရန်ကုန်မှာပဲ ရှိမှာပါ။ Together Music Festival (TMF) မှာရှိဖို့များပါတယ်။

*ပရဟိတအလုပ်တွေရော ဘာတွေလုပ်ဖြစ်လဲ-*

ပရဟိတအလုပ်က အမြဲလိုလို လုပ်ဖြစ်ပါတယ်။ ဘုရားမှာ တစ်ပတ်တစ်ခါ လှူတယ်။ အခုအချိန်က ထမနဲရာသီဆိုတော့ တစ်ပတ်တစ်ခါ ထမနဲတစ်အိုးလှူဖြစ်ပါတယ်။

*သျှား ရေရှည်မှာ ဘယ်လိုရပ်တည်သွားမလဲ-*

သျှားမှာရှိနေတဲ့ ပညာတွေကို Sharing လုပ်သွားမယ်။ ကိုယ်ရည်ကိုယ်သွေး မြင့်မားတဲ့ အလှမယ်တွေကို မွေးထုတ်ပေးချင်ပါတယ်။ စီးပွားရေးလုပ်ငန်းလည်း လုပ်ဖို့ရှိပါတယ်။

*အားပေးတဲ့ပရိသတ်တွေကို စကားလက်ဆောင်ပါးပေးပါဦး-*

သျှားကိုအမြဲအားပေးနေတဲ့ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့ ကြိုးစားလုပ်ဆောင်သွားမှာပါ။ ဆက်လက်ပြီးတော့လည်း အားပေးကြပါလို့ ပြောချင်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပဲရစ်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ခဲ့တဲ့ ဂျက်ဆီကာဂျန်း



တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" က အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး ဂီတလောကကို စွန့်ခွာကာ ဒီဇိုင်နာတစ်ဦးအဖြစ် အနုပညာခရီးဆက်ခဲ့တဲ့ ဂျက်ဆီကာဂျန်းဟာ ပဲရစ်မြို့မှာ ကျင်းပလျက်ရှိတဲ့ ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ဖို့ မတ် ၃ ရက်က တောင်ကိုရီးယားနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။

ဂျက်ဆီကာဟာ ကမ္ဘာ့အထင်ကရဖက်ရှင်ပြပွဲဖြစ်တဲ့ ယင်းပဲရစ်ဖက်ရှင်သီတင်းပတ်မှာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နာမည်ကျော်တွေနဲ့တွေ့ဆုံကာ နောက်ဆုံးပေါ် ဖက်ရှင်ဒီဇိုင်းများကို သွားရောက်လေ့လာမှာဖြစ်ကာ အဆိုပါဖက်ရှင်သီတင်းပတ်မှာ သူတက်ရောက်မယ့်ပွဲတော်တွေနဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ ဂျက်ဆီကာက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း ကေပေါ့ပ်စတားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

**ခင်ခင်သက်**

## "Descendants of the Sun"ရုပ်ရှင်ဇာတ်ဝင်တေး တေးဂီတဇယားများတွင် ထိပ်ဆုံးမှ ရပ်တည်နေ

တောင်ကိုရီးယား ထိပ်တန်းမင်းသမီး ဆောင်းဟေကို ခေါင်းဆောင်ပါဝင်ထားတဲ့ ဒရမ်မာဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"ဟာ တောင်ကိုရီးယားနိုင်ငံနဲ့အပြိုင် တရုတ်နိုင်ငံမှာပါ တစ်ပြိုင်နက်ထုတ်လွှင့်ပြသလျက်ရှိတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ထုတ်လွှင့်ပြသခဲ့တဲ့ သီတင်းပတ်အတွင်းမှာပဲ အပြိုင်ပြသလျက်ရှိတဲ့ရုပ်ရှင်တွေထဲမှာ ပရိသတ်အများဆုံး ရုပ်ရှင် ဖြစ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံမှာလည်း ကြည့်ရှုသူအများဆုံး တောင်ကိုရီးယားရုပ်ရှင်အဖြစ် အလွန်အောင်မြင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်းမှာ ယင်းရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဝင်တေးသီချင်းဟာလည်း အွန်လိုင်းဝက်ဘ်ဆိုက်တော်တော်များများက တေးဂီတဇယားတွေမှာ ကူးယူကြည့်ရှုသူအများဆုံးတေးသီချင်းအဖြစ် ထိပ်ဆုံးမှာ ရပ်တည်လျက်ရှိနေကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

"The Love"လို့အမည်ရတဲ့ ယင်းရုပ်ရှင်ရဲ့ဇာတ်ဝင်တေးကို တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Davichi"က သီဆိုပေးထားတာဖြစ်ပြီး အဆိုပါတေးသီချင်းကို မတ် ၃ ရက်က အွန်လိုင်းပေါ်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ယင်းတေးသီချင်းဟာ "Melon"၊ "Genie"၊ "Naver Music"၊ "Mnet"၊ "Bugs"၊ "Soribada"၊ "Olleh Music"နဲ့ "Monkey 3"အစရှိတဲ့ တေးဂီတဝက်ဘ်ဆိုက်ရှစ်ခုမှာ ထိပ်ဆုံးကနေ ရပ်တည်လျက်ရှိကြောင်း သိရပါတယ်။

အဆိုပါရုပ်ရှင် "Descendants of the Sun"ဟာ ၁၂ နှစ်ကျော်ကာလအတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်ရိုက်ကူးခဲ့တဲ့ ဆောင်းဟေကိုရဲ့ ဒရမ်မာရုပ်ရှင်ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဆောင်းဟေကိုဟာ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်ဂျွန်ကီနဲ့တွဲဖက်ကာ ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ရေခြားမြေခြားမှာ စတင်တွေ့ဆုံခဲ့တဲ့ လူငယ်နှစ်ဦးအကြားမှာ ဖြစ်ပေါ်လာခဲ့တဲ့အချစ်နဲ့ စစ်ပွဲတွေအကြောင်းကို ပေါင်းစပ်ဖန်တီးထားတဲ့ ယင်းရုပ်ရှင်ဟာ အချစ်ဒရမ်မာရုပ်ရှင်အမျိုးအစားဖြစ်ပေမယ့် ထွက်ရှိခဲ့ပြီးတဲ့ ရုပ်ရှင်တွေနဲ့မတူဘဲ ထူးခြားတဲ့ခံစားမှုမျိုး ခံစားရစေမှာဖြစ်တယ်လို့လည်း ဆောင်းဟေကိုက အဆိုပါရုပ်ရှင်အတွက်ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။



ယင်းရုပ်ရှင်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြီး တောင်ကိုရီးယားရဲ့ ရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ KBS2 က ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိကာ အဆိုပါရုပ်ရှင်မှာ ဇာတ်လမ်းအပိုင်းပေါင်း ၁၆ ပိုင်း ပါဝင်ကြောင်း သိရပါတယ်။

**အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၃ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ပြည်သူတို့ရဲ့စကားသံများ
- ၇း၅၀ "မသန်သော်လည်းစွမ်းနိုင်စေ"
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၀း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၅)
- ၁း၅၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၂း၄၀ မဟာဂီတ (ဆယ့်နှစ်လရာသီဘွဲ့တေး) (တပို့တွဲလ)
- ၃း၁၅ ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
- ၄း၁၅ အဝေးသင်တက္ကသိုလ်ပညာပေး ရုပ်မြင်သံကြားသင်ခန်းစာ
  - -စတုတ္ထနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၆း၃၅ Yes or No Talk Show (Model Physique or Model) (Part- 2)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၇)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၈း၃၅ "မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအခမ်းအနား"
- ၉း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၆)
  - -ပြည်သူ့နီတိ "လောင်းရိပ်"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -တေးဂီတအစီအစဉ်
- ၆း၂၀ ပြည်သူ့နီတိ "ရေမြင့်သည့်ကြာပဒုမ္မာသို့"
- ၆း၄၀ တေးဂီတအစီအစဉ်
- ၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၇)
- ၇း၄၅ ကိုရီးယားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၃)
- ၈း၃၀ Cartoon "BEN 10 ALIEN FORCE (Part-V)"
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၁၅ မြန်မာ့ရိုးရာတူရိယာ "စောင်း" (အပိုင်း-၂)
- ၉း၃၀ မြန်မာ့ဂန္ထဝင်သီချင်းကြီးများ
- ၁၀း၀၀ မြန်မာ့ဗွီဒီယိုဇာတ်လမ်း "ဒါပါပဲ" (နိုင်းနိုင်း၊ သက်မွန်မြင့်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၄၀ "ခပ်စိမ်းစိမ်းပဲ နေပါ့မယ်" တရားတော် (ဆရာတော် အရှင်ဗုဒ္ဓပီယ)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၅၅ အနုပညာမိုးကောင်းကင်
- ၁၁း၁၅ သွားမယ် စားမယ် (Imperial Garden)
- ၁၁း၄၀ Forever Music Tribute ထူးအိမ်သင် (အပိုင်း-၂) (ပထမပိုင်း)
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၇)
- ၁၂း၄၀ သဘာဝထဲမှ ရန်သူများ [အန္တရာယ်အရှိဆုံးရန်သူ (စက်ရုံမီး)]
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၄)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၁၂၄)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၁၂၅)
- ၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၅)
- ၈း၁၅ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၄)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၈)
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၅ World of Knowledge (Killer Whales)

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၁)
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၁၀၃) [ဇာတ်သိမ်း]
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ရွှေရောင်သက်တံများ အပိုင်း(၃၆)
  - - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - - မေးမြန်းစူးစမ်း
  - - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - -(၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် အမိမြေမှသားကောင်းများ (ဇာတ်သိမ်းပိုင်း) စိုးအောင်၊မွန်မွန်သဲနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်ဖေတင်

အားကစား

# ပွဲစဉ်တိုင်းကိုဖိုင်နယ်လုပွဲကဲ့သို့ကစားနေခြင်းကြောင့် ရလဒ်ကောင်းများရရှိနေဟု လက်စတာနည်းပြရာနီရေရီဝင့်ကြွား

## မာရက်ဇ်တံကောက်ကြောဒဏ်ရာ ရရှိခဲ့ခြင်းမရှိ




| ယှဉ်ပြိုင်ရမည့်အသင်း | နေ့ရက် |
|---|---|
| နယူးကာဆယ်(အိမ်ကွင်း) | မတ်၁၄ရက် |
| ခရစ္စတယ်ပဲလေ့စ်(အဝေးကွင်း) | မတ်၁၉ရက် |
| ဆောက်သမ်တန်(အိမ်ကွင်း) | ဧပြီ၃ရက် |
| ဆန်းဒါးလန်း(အဝေးကွင်း) | ဧပြီ၁၀ရက် |
| ဝက်စ်ဟမ်း(အိမ်ကွင်း) | ဧပြီ၁၇ရက် |
| ဆွမ်ဆီး(အိမ်ကွင်း) | ဧပြီ၂၄ရက် |
| မန်ယူ(အဝေးကွင်း) | မေ၁ရက် |
| အဲဗာတန်(အိမ်ကွင်း) | မေ၇ရက် |
| ချယ်လ်ဆီး(အဝေးကွင်း) | မေ၁၅ရက် |

လက်စတာအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၉)အပြီး ဒုတိယနေရာမှ စပါးအသင်းအား ငါးမှတ်ဖြတ်ကာ ဦးဆောင်ထားနိုင်ခဲ့ပြီဖြစ်ရာ နည်းပြ ရာနီရေရီက ယခုကဲ့သို့ ရလဒ်ကောင်းများဖော်ဆောင်နိုင်ခြင်းမှာ ကစားပွဲတိုင်းကို ဖိုင်နယ်လုပွဲကဲ့သို့ ရေကုန်ရေခန်း ကြိုးစားကစားနေ၍ဖြစ်ကြောင်း လက်စတာနည်းပြ ရာနီရေရီက ဝင့်ကြွားစွာ ဆိုလိုက်သည်။ လက်စတာသည် ဝက်ဖို့ဒ်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့ပြီးနောက် စပါးနှင့် အာဆင်နယ်တို့၏သရေပွဲအပေါ် အပြည့်အဝအခွင့်အရေးယူနိုင်ခဲ့ကာ အမှတ်ပေးဇယားထိပ်ကို ငါးမှတ်အထိ ဖြတ်နိုင်ခဲ့သည်။

လက်စတာအသင်း၏ ယခုတစ်ပတ်ပွဲစဉ်၌ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၅၆ မိနစ်တွင် တောင်ပံတိုက်စစ်မှူး မာရက်ဇ်က ၁၈ ကိုက်စည်းအတွင်းမှ အပြင်းကန်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မာရက်ဇ်မှာ ပွဲချိန်အတွင်း တံကောက်ကြောထိခိုက်မိခဲ့သော်လည်း ဒဏ်ရာရသွားခြင်းမရှိဟု ရာနီရေရီက ရုပ်မြင်သံကြားမှ တစ်ဆင့်ပရိသတ်များကို အသိပေးခဲ့သည်။

လက်စတာအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲသာ ကျန်ရှိချိန်တွင် အမှတ်ပေးဇယားကို လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ထားနိုင်ဆဲဖြစ်သည်။ လက်စတာ၏ လက်ကျန်ပွဲစဉ်ကိုးပွဲအား ဇယားဖြင့် ဖော်ပြအပ်ပါသည်။

# ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်အား ခေါ်ယူရန် အာဆင်နယ်နှင့်မန်ယူ ကြိုးပမ်း
# လိဂ်သွင်းဂိုးအများဆုံးဖြစ်ရန် လီဝမ်ဒေါဗကီးနှင့် အော့ဘာမီယန် အပြိုင်ဖြစ်နေ




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတိုက်စစ်မှူး အော့ဘာမီယန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး တိုက်စစ်မှူး အော့ဘာမီယန်ကလည်း အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ကစားမည့်အလားအလာများရှိနေကြောင်း သိရသည်။

သို့ရာတွင် ဂါဘွန်တိုက်စစ်မှူး အော့ဘာမီယန်မှာ လက်ရှိကလပ် ဒေါ့မွန်အသင်းနှင့် ချုပ်ဆိုထားခဲ့သည့် စာချုပ်သက်တမ်းမှာ ၂၀၂၀ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ မန်ယူအသင်းအနေဖြင့် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်အား ခေါ်ယူရန်ဆန္ဒရှိနေသည့်အပြင် အာဆင်နယ်အသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။

အာဆင်နယ်အသင်းက ထိုသို့ စိတ်ဝင်စားလျက်ရှိသော်လည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ပေး၍ ခေါ်ယူရမည်ဆိုပါက တိုက်စစ်မှူး အော့ဘာမီယန်အား ခေါ်ယူရန် မန်ယူအသင်းနှင့် အပြိုင်ကြိုးပမ်းမည်မဟုတ်ကြောင်း ပြောကြားထားသည်။

ပြင်သစ်မြေတွင် မွေးဖွားခဲ့သည့် ဂါဘွန်တိုက်စစ်မှူး အော့ဘာမီယန်သည် ၂၀၂၀ ခုနှစ်ရောက်မှ ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည့် အခြေအနေရှိကြောင်း သတင်းများထွက်ပေါ်ထားသည်။

တိုက်စစ်မှူး အော့ဘာမီယန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်စ်လီဂါသွင်းဂိုး ၂၂ ဂိုးသွင်းယူထားပြီး ဘွန်ဒက်စ်လီဂါတွင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်ရန်အတွက် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး လီဝမ်ဒေါဗကီးနှင့် အပြိုင်ကြိုးပမ်းနေရသူဖြစ်သည်။

အော့ဘာမီယန်နှင့် လီဝမ်ဒေါဗကီးတို့၏ ယခုနှစ်ဘောလုံးရာသီသွင်းဂိုးများကိုကြည့်ပါက အော့ဘာမီယန်၏ သွင်းဂိုးအားလုံး ၂၂ ဂိုးကို ပင်နယ်တီဧရိယာအတွင်းမှသွင်းယူခဲ့ပြီး လီဝမ်ဒေါဗကီး၏ သွင်းဂိုး ၂၃ ဂိုးတွင် ပင်နယ်တီ ဧရိယာအတွင်းမှ ၂၂ ဂိုးနှင့် ဧရိယာအပြင်မှ တစ်ဂိုးသွင်းယူထားသည်။

အော့ဘာမီယန်မှာ ပင်နယ်တီပြစ်ဒဏ်ဘောမှ ရရှိသည့်သွင်းဂိုး သုံးဂိုးအထိရှိထားပြီး လီဝမ်ဒေါဗကီးမှာ တစ်ဂိုးသာရှိခဲ့သည်။ ဂိုးပေါက်ကန်သွင်းမှုမှာ အော့ဘာမီယန်သည် ၈၇ ကြိမ်၊ လီဝမ်ဒေါဗကီးသည် ၁၂၈ ကြိမ်ရှိထားပြီး အခွင့်အရေးဖန်တီးနိုင်မှုတွင် အော့ဘာမီယန်သည် အကြိမ် ၂၀ နှင့် လီဝမ်ဒေါဗကီးသည် ၁၇ ကြိမ် အသီးသီးရှိထားကြောင်း သိရသည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့သည်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါအမှတ်ပေးပြိုင်ပွဲတွင် ပွဲစဉ် ၂၄ အပြီး၌ ဘိုင်ယန်မြူးနစ်အသင်းက ရမှတ် ၆၂ မှတ်နှင့် ဒေါ့မွန်အသင်းက ၅၇ မှတ် ရရှိထားပြီး ဘိုင်ယန်မြူးနစ်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိကာ ဒေါ့မွန်အသင်းမှာ ဒုတိယနေရာက ရပ်တည်လျက်ရှိသည်။ **(ငွေကြယ်)**

# အာဆင်နယ်ချေပဂိုးပြန်သွင်းနိုင်မှသာ စိတ်သက်သာရာရခဲ့ဟု ကိုကွီလင်ဖွင့်ဟ




အာဆင်နယ်ကွင်းလယ်ကစားသမား ကိုကွီလင်သည် စပါး-အာဆင်နယ်တို့၏ မြောက်လန်ဒန်ဒါဘီပွဲစဉ်တွင် ပွဲချိန် ၅၅ မိနစ်၌ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရပြီးနောက် အဝတ်လဲခန်းအတွင်းရှိနေစဉ် တစ်စုံတစ်ဦးက အာဆင်နယ်အသင်း ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီဟု လာရောက်အကြောင်းကြားမှသာ စိတ်သက်သာရာ ပြန်လည်ရခဲ့ရသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ကိုကွီလင်က သူ၏ အနီကတ်ပြစ်ဒဏ်အတွက် အသင်းဖော်များနှင့် ပရိသတ်များအား တောင်းပန်ခဲ့သလို အာဆင်နယ်အသင်းချေပဂိုးသွင်းယူသွားသည်ကိုပင် မမြင်တွေ့လိုက်ရဘဲ လာရောက်အကြောင်းကြားမှသာ သိရှိရခြင်းဖြစ်ကြောင်း ဆိုလိုက်သည်။

ကိုကွီလင်အား ထုတ်ပယ်ခဲ့ချိန်တွင် အာဆင်နယ်မှာ တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း လူတစ်ယောက်လျော့အနေအထားဖြင့်ကစားပြီး ငါးမိနစ်အတွင်းမှာပင် ချေပဂိုးပေးခဲ့ရပြီးနောက် နောက်ထပ်နှစ်မိနစ်အကြာမှာပင် ဦးဆောင်ဂိုး တစ်ဂိုးကိုပါ ထပ်မံခွင့်ပြုခဲ့ရခြင်းဖြစ်သည်။

ကိုကွီလင်က"အမှန်အတိုင်းပြောရရင် အဝတ်လဲခန်းထဲရောက်နေလို့ ကျွန်တော်တို့အသင်း ဒုတိယချေပဂိုးသွင်းတာကို မမြင်လိုက်ပါဘူး။ ဒါပေမယ့် တစ်ယောက်က ချေပဂိုးသွင်းလိုက်နိုင်တယ်လို့ လာပြောတဲ့အခါမှသာ ကျွန်တော်အသက်ရှူချောင်သွားရတာပါ။ ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်း တစ်ဂိုးအသာနဲ့ဦးဆောင်နေခဲ့သလို ကစားပုံလည်းကောင်းခဲ့ပါတယ်။ ဒါပေမယ့် တစ်ယောက်လျော့ အနေအထားမှာတောင် သရေရလဒ်ရယူနိုင်တာ အသင်းအတွက် တကယ်ကိုကောင်းမွန်တယ်လို့ ယူဆပါတယ်" ဟု ပွဲအပြီးတွင် ရှင်းလင်းပြောကြားလိုက်သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးကမူ ကိုကွီလင်၏ အနီကတ်ပြစ်ဒဏ်အတွက် အကြောင်းပြချက်ပေးစရာမလိုသော်လည်း အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်၏ အင်္ကျီအားဆွဲကာလှဲချခဲ့သော စပါးမှ ဒိုင်ယာကို ဒုတိယအဝါကတ်ပြားပြသခြင်း မရှိခဲ့သည့် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်မှာ စပါးအသင်းအား အသာရစေကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

စပါးနည်းပြ ပိုချက်တီနိုကမူ အာဆင်နယ်နောက်ခံလူ ဘယ်လာရင်မှာလည်း ဒုတိယအဝါကတ်ပြား ပြသခံရနိုင်သည်အထိ ကြီးမားသည့် ပြစ်ဒဏ်ကျူးလွန်ခဲ့သော်လည်း ဒိုင်မှ မထုတ်ပယ်၍သာ ကံကောင်းခဲ့သောကြောင့် ဒိုင်ယာအား ထုတ်ပယ်ခဲ့လျှင် ဘယ်လာရင်ကိုလည်း ထုတ်ပယ်သင့်ကြောင်း ပြန်လည်ငြင်းချက်ထုတ်လိုက်သည်။ **မေလှဲ့သင်း**

## ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်မှုကို မှန်ကန်စေရန် အထူးအလေးပေးဆောင်ရွက်သွားမည်ဟု အင်ဖန်တီနိုကတိပြု

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အုပ်ချုပ်ရေး အဖွဲ့အစည်းအနေဖြင့် ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံရွေးချယ်မှု လုပ်ငန်းစဉ်များ မှန်ကန်စေရေးအတွက် အထူးအလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖီဖာ ဥက္ကဋ္ဌသစ် အင်ဖန်တီနိုက မတ် ၅ ရက်တွင် ကတိပြုပြောကြားခဲ့သည်။ ၂၀၁၈နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်ကျင်းပခွင့်ရရှိထားသော ရုရှားနှင့် ကာတာနိုင်ငံတို့၏ အိမ်ရှင်နိုင်ငံ ရွေးချယ်ခံရမှုလုပ်ငန်းစဉ်တွင် အဂတိလိုက်စားမှုများရှိနေသည်ဟု စွပ်စွဲခံရပြီးနောက် စုံစမ်းစစ်ဆေးမှုများကို ယခုထိ ဆောင်ရွက်နေဆဲဖြစ်သည်။

အင်ဖန်တီနိုသည် ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖီဖာဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံရသူဖြစ်ပြီး နောက်သုံးလအတွင်း ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင် ရွေးချယ်ရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အင်ဖန်တီနိုက "၂၀၂၆ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်ရွေးချယ်ရေး လုပ်ငန်းစဉ်က လုံးဝကို မှန်ကန်ရမယ်။ ကျွန်တော် ရွေးကောက်ပွဲမှာ ပေးထားတဲ့ ကတိကဝတ်အတိုင်း အရာအားလုံး မှန်မှန်ကန်ကန်ဖြစ်ဖို့ ကျွန်တော် အစွမ်းရှိသမျှ ကြိုးစားသွားမှာပါ။ ဖီဖာအပေါ် လူတွေပြန်ပြီး ယုံကြည်မှုရလာအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလား အိမ်ရှင်ရွေးချယ်ရေးလုပ်ငန်းစဉ်မှာ ပုံမှန်မဟုတ်တဲ့ ဘယ်လိုကိစ္စရပ်ကိုမဆို တားဆီးသွားမှာဖြစ်ပါတယ်" ဟု ကတိပြုပြောကြားခဲ့သည်။

၁၉၉၈ကမ္ဘာ့ဖလားမှအစပြု၍ နောက်ပိုင်း ကမ္ဘာ့ဖလားအိမ်ရှင် ရွေးချယ်ရေးလုပ်ငန်းစဉ်အားလုံးတွင် အကျင့်ပျက်ခြစားမှုနှင့်အဂတိလိုက်စားမှုများ ရှိနေခဲ့ကြောင်းလည်း သတင်းရင်းမြစ်များ၌ ဖော်ပြခဲ့သည်။ ၂၀၁၈နှင့် ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံ ရွေးချယ်မှုနှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ ပြစ်မှုဆိုင်ရာစုံစမ်းရေးအဖွဲ့မှ စစ်ဆေးနေသကဲ့သို့ ဖီဖာထိပ်တန်းအလုပ်အမှုဆောင်အဖွဲ့ဝင်များအား အမေရိကန်စုံစမ်းရေးအဖွဲ့မှ ဖမ်းဆီးစစ်ဆေးမှုများကို တစ်ပြိုင်နက်တည်း ပြုလုပ်လျက်ရှိသည်။

**မေလှဲ့သင်း**

# ရေတာရှည်မြို့နယ်တွင် ကားနှင့်ဆိုင်ကယ်တိုက်မိ၊ ဆိုင်ကယ်မောင်းသူသေဆုံး

**ရေတာရှည် မတ် ၆**

တောင်ငူခရိုင် ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းထိပ် မုဒိတာလက်ဖက်ရည်ဆိုင်ရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင် အမှတ် (၁၉၀/၆ နှင့် ၇) အကြားတွင် မတ် ၅ ရက်က ကားနှင့်ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်မောင်းသူ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉နာရီ၄၅ ခန့်က တောင်ငူမှနေပြည်တော်သို့ တပ်ကုန်းမြို့နယ် ညောင်လွန့်အနောက်ရွာနေ ယာဉ်မောင်း ကျော်ဌေးဦး(၃၈)နှစ် မောင်းနှင်လာသော ၂ခ/----- ဟီးနိုး (၁၀)ဘီးယာဉ်သည် ဗိုလ်ချုပ်လမ်းအတိုင်း အနောက် မှ အရှေ့သို့ မောင်းနှင်လာစဉ် ပေါက်ချောင်းကျေးရွာ အုပ်စု မအူတုန်းကျေးရွာနေ လွင်ကျော် (၄၅)နှစ် မောင်းနှင်လာသော wave SU Bo 110 ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ လွင်ကျော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ဌေးဦး အား ရေတာရှည်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရေတာရှည် (ပြန်/ဆက်)**

# ခင်ဦး၌ တမလန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၆ နာရီခွဲခန့်တွင် ခင်ဦး-ရွှေဘိုကားလမ်း မိုင်တိုင် အမှတ်(၁၆/၇)တွင် သွားရောက်စောင့်ဆိုင်းနေစဉ် ကန့်ဘလူမြို့နယ် ထန်းတပင်ရွာနေ ကျော်စိုးထိုက်(၂၂)နှစ်မောင်းနှင်ပြီး ဇီးကုန်းရွာနေ ကျော်သက် (၂၀)နှစ်လိုက်ပါလာသည့် 4B/----- CANTER ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ပေါ်မှ တမလန်းသစ်ခေးရွေတုံး ၁၃ တုံး (အလေးချိန် ၂ ဒသမ ၆၂၆၆ တန်) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ခရုပြုတ်များစားရာမှ အစာအဆိပ်သင့်ပြီး သေဆုံး

**မန္တလေး မတ် ၆**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် အစာအဆိပ်သင့်၍သေဆုံးသူ အမျိုးသမီးတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ မတ် ၄ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က အမှတ်(၁၁)နယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းဗိုလ်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ချမ်းမြသာစည်မြို့သစ်(၁)ရပ်ကွက်ရှိ တည်းခိုခန်းမှ သန့်ရှင်းရေးဝန်ထမ်း မဖြိုးထိုက်စံ (၁၄)နှစ်ဖြစ်ပြီး ၎င်းနှင့်အလုပ်အတူလုပ်သည့် သန့်ရှင်းရေးဝန်ထမ်း မသီတာ၊ အောင်မျိုးမင်းတို့နှင့်အတူ ခရုပြုတ်များအားစား၍ ကျန်နှစ်ဦးမှာ ဘာမျှမဖြစ်သော်လည်း မဖြိုးထိုက်စံမှာ အသက်ရှုကျပ်၍မောလာကြောင်း ပြောသဖြင့် တည်းခိုခန်းမန်နေဂျာက မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် အမှတ်(၁၁)နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ရန်ကုန်-နေပြည်တော်အမြန်လမ်းပေါ်တွင် ယာဉ်တစ်စီးအရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်

**ကျောက်တံခါး မတ် ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၉၇/၇)နှင့် (၉၈/၀)အကြားတွင် မတ် ၄ ရက်မွန်းလွဲ ၁ နာရီခွဲခန့်တွင် ယာဉ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့ချောင်းအမြန်လမ်း ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ မြို့ချောင်းအမြန်လမ်း မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးနှင့် တပ်ဖွဲ့ဝင်သုံးဦးတို့သည် အခင်းဖြစ်နေရာသို့သွားရောက် စစ်ဆေးရာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ပဲခူးမြို့ သနပ်ပင်လမ်းနေ ယာဉ်မောင်း ဝေယံဦး(၂၉)နှစ် မောင်းနှင်သော 8F/-----လိုက်ထရပ် အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်မှ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဝေယံဦးတွင် ဒဏ်ရာများ(မစိုးရိမ်ရ)နှင့် ယာဉ်ပေါ်လိုက်ပါလာသူ တစ်ရပ်ကွက်တည်းနေ မင်းသူ(၂၃)နှစ်တွင်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့်ဝေယံဦးအား မြို့ချောင်းအမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးဦး(ကျောက်တံခါး)**

# ပျားဖွပ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုးအင်းကျေးရွာတွင် မတ် ၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းကျေးရွာနေ ကိုဖိုးထူး(၃၀)နှစ်၏ နေအိမ်နောက်ဘက်ကပ်လျက်ရှိ နွားတင်းကုပ်သက်ငယ်အမိုးတွင် စွဲကပ်နေသော ပျားအုံအား ညီဖြစ်သူ ကျော်ဇင်ဦး(၂၃)နှစ်က ဂက်စ်မီးခြစ်ဖြင့်မီးရှို့၍ ပျားဖွပ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ရာသို့ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဘက်ရဲမြို့၊ ကြံခင်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် နွားတင်းကုပ်တစ်လုံးနှင့် လူနေအိမ်ခြောက်လုံးမီးလောင်ဆုံးရှုံးခဲ့သဖြင့် ကျော်ဇင်ဦးအား ဘက်ရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ဖေဖော်ဝါရီလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ

**နေပြည်တော် မတ် ၆**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၃၄ | ၃၃ | ၁၇ | |
| ၂ | ကချင် | ၃၇ | ၃၈ | ၂၀ | |
| ၃ | ကယား | ၅ | ၅ | ၂ | |
| ၄ | ကရင် | ၃၃ | ၄၇ | ၈ | |
| ၅ | ချင်း | ၇ | ၉ | ၃ | |
| ၆ | စစ်ကိုင်း | ၁၃၂ | ၂၆၃ | ၄၈ | |
| ၇ | တနင်္သာရီ | ၃၃ | ၆၅ | ၁၇ | |
| ၈ | ပဲခူး | ၁၄၇ | ၂၄၈ | ၅၇ | |
| ၉ | မကွေး | ၁၆၂ | ၂၇၄ | ၂၉ | |
| ၁၀ | မန္တလေး | ၁၉၁ | ၃၁၃ | ၅၀ | |
| ၁၁ | မွန် | ၇၀ | ၁၁၇ | ၂၆ | |
| ၁၂ | ရခိုင် | ၃၃ | ၄၆ | ၁၁ | |
| ၁၃ | ရန်ကုန် | ၂၃၃ | ၃၂၉ | ၅၀ | |
| ၁၄ | ရှမ်း | ၇၁ | ၁၂၉ | ၄၂ | |
| ၁၅ | ဧရာဝတီ | ၁၇၂ | ၃၀၇ | ၃၃ | |
| | **စုစုပေါင်း** | **၁၃၆၀** | **၂၂၂၃** | **၄၁၃** | |

**(ကြေးမုံ)**

**မီးဘေးရှောင် မလောင်ခင်တား**

၄၊၅၊၆၊၇၊၈ တန်း နွေရာသီ သင်္ချာသီးသန့်လစဉ်(၃၀၀၀ဝိ/)
YC နွေရာသီ
ဥ၊၁၀တန်းဘာသာစုံ (၃)လပြတ်
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
တတ ➡ ဦးမြင့်ဝင်းကျော်
ရူပ ➡ ဦးဆက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ Ph: 09-73105201

PGDMA PPTT UDE
English 4 skills

DADDY Travels & Tours
အဆင့်မြင့် ဘုရားဖူး ခရီးသွားလုပ်ငန်း
ခရီးစဉ်များအတွက် အချိန်ပိုင်း Tour Guide များ အမြန်အလိုရှိသည်၊
အမြန်ဆက်သွယ်ပါ၊ 09-448001903, 01-380914

DADDY Travels & Tours
အဆင့်မြင့် ဘုရားဖူး ခရီးသွားလုပ်ငန်း
09-448001903, 01-380914
-မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဝင်းစိန်တောရ၊ သေမင်းတမန်ရထားလမ်း - 32000
-ဘားအံ၊ ကျူထော်ရေတံခွန် - 32000
-ဒေးစွန်ပါ၊ ရွှေမော်ဓော၊ ပဲခူးဘုရားစုံ - 15000

လင်းထက်ဇော် ရေးသားပြုစုသော
တိပိဋက် ဘာဝ နှင့် မရဏ
ဓမ္မအလင်းပြကျမ်း
မဟာယာန ဗုဒ္ဓဘာသာ
သမိုင်းဖြစ်စဉ် ဒဿနအမြင် နှင့် ဓမ္မကျင့်စဉ်များ
သိမ့်ထိုက်စာပေ၊ ဖုန်း ၀၉-၅၀၅၉၂၁၄

မည်သူနှင့်မျှမတူ ၊ မည်သူ့ကိုမျှမတူ
ဥပဒေ(ပညာဒါန)
လက်တွေ့အမှုလိုက်ဥပဒေပညာသင်တန်း
စနေနေ့တိုင်း နံနက် (၈)နာရီမှ (၁၁း၃၀)နာရီထိ
စနေနေ့တိုင်း မွန်းတည့် (၁၂)နာရီမှ (၃)နာရီထိ
သင်တန်းကြေး၊ ကျောင်းလခ၊ ဝင်ကြေး၊ စာရွက်စာတမ်းကြေး ပေးရန်မလိုပါ။ မည်သူမဆိုတက်ရောက်သင်ယူနိုင်ပါသည်။ ဥပဒေစာအုပ်များ၊ သင်ကြားမှုမှတ်တမ်းများ အခမဲ့ထုတ်ပေးပါသည်။
တိုက်(၂)၊ အခန်း(၁၃)၊ ပထမထပ်၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၂၅၃ ၂၂ ၅၀ ၅၁၊ ၀၉ ၅၀ ၄၃ ၈၀၂

ဆိုင်ခန်းငှားမည်
သိမ်ကြီးဈေး Dရုံ
မြေအောက်ထပ်
ဆိုင်အမှတ် F- ၅၇၈
ဖုန်း-၀၉-၅၀၄၀၈၇၉

ကန့်ကွက်နိုင်ပါသည်။
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၈/အေ၊ မြေကွက်အမှတ်- ၁၉၈၊ ဧရိယာ- အလျား ၆၀ ပေ x အနံ ၄၀ ပေ (၀.၀၅၅ ဧက) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်- ၁၉၈ ဟုခေါ်တွင်သည့် ရေ၊ မီး အစုံ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်မြင့် (၁၃/တကန (နိုင်) ၁၁၅၁၁၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ညွှန်ကြားချက်အရ
ခင်ချောသူ (LL.B., LL.M., M.Res.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၇၃၁-၂၀၃၀၁။

အထူးဈေးနှုန်း
Laser Printer Toner
Refill - 2500 Kyats
Drum - 2500 Kyats
Blade - 800 Kyats
အမှတ် (၂၀၄)၊ ၃၉ လမ်း (အလယ်)၊ ကျောက်တံတား
ဖုန်း - ၀၁ ၃၈၉ ၆၅၅၊ ၃၉၈ ၁၀၀

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ်၊ ၃၇ယ/၆၄၁၀၆၊ အမျိုးအမည် FEILJG-110 အမျိုးအစား- မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဌေးဝင်း [၁၂/သခန(နိုင်)၀၃၆၃၂၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

မီး သတိပြု

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဖြိုးအောင်ခိုင်[၅/မကန(နိုင်)၀၅၄၂၄၉]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၂၉၅၁၂

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထား သည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



(တက္ကသိုလ် ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၂)

**ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုရဲ့ ရေရှည်မျှော်မှန်းချက်** (Vision)

သမိုင်းမှာ အထင်ကရရှိခဲ့တဲ့ ပိုးလမ်းမရဲ့ ရည်ရွယ်ချက်က ကုန်စည်ကူးသန်းရောင်းဝယ်ဖို့၊ ယဉ်ကျေးမှုနဲ့ အသိပညာ၊ အတတ်ပညာ အပြန်အလှန်ဖလှယ်ဖို့ ဖြစ်ပေမယ့် ၂၁-ရာစု ပိုးလမ်းမမှာတော့ အဓိကကျတဲ့ ရည်မှန်းချက်ကြီး ၅-ရပ် ရှိပါတယ်။ အဲဒီ ရည်မှန်းချက် ၅-ရပ် ကတော့ သက်ဆိုင်တဲ့ နိုင်ငံများအကြား -

(က) မူဝါဒများ ကိုက်ညီရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေး (Policy Coordination)

(ခ) အခြေခံအဆောက်အအုံများ/အဖွဲ့အစည်းများအကြား ပေါင်းစည်းဆက်နွယ်မှု မြှင့်တင်ရေး (Facilities Connectivity)

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး (Liberalization and Facilitation of trade and investment)

(ဃ) ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး (Financial Cooperation)

(င) ပြည်သူများအကြား ရင်းနှီးချစ်ခင်မှု ခိုင်မာလာစေရေး (People-to-People Bonds) တို့ပဲ ဖြစ်ပါတယ်။

> “သက်ဆိုင်တဲ့နိုင်ငံများအကြား မူဝါဒများ ကိုက်ညီရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေးကိစ္စဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာစီမံကိန်း အောင်မြင်မှုရရှိရေးအတွက် အသက်သွေးကြောဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ သက်ဆိုင်တဲ့နိုင်ငံ တစ်နိုင်ငံချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွေနဲ့ မူဝါဒတွေကို ညှိနှိုင်းပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အဆင်ပြေချောမွေ့စေမယ့် လုပ်ငန်းစဉ်တွေ၊ အစီအစဉ်တွေ ချမှတ်သွားဖို့ ဖြစ်ပါတယ်။”

**(က) မူဝါဒများ ကိုက်ညီရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေး** (Policy Coordination)

သက်ဆိုင်တဲ့နိုင်ငံများအကြား မူဝါဒများ ကိုက်ညီရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေးကိစ္စဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာစီမံကိန်း အောင်မြင်မှုရရှိရေးအတွက် အသက်သွေးကြောဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ သက်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွေနဲ့ မူဝါဒတွေကို ညှိနှိုင်းပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အဆင်ပြေချောမွေ့စေမယ့် လုပ်ငန်းစဉ်တွေ၊ အစီအစဉ်တွေချမှတ်သွားဖို့ ဖြစ်ပါတယ်။ ဒီလိုညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့အတွက် သက်ဆိုင်တဲ့နိုင်ငံအစိုးရအဖွဲ့အစည်းများအကြား မက်ခရိုစီးပွားရေးမူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်တွေအလွှာအသီးသီးမှာ ရှိလာမှာဖြစ်ပါတယ်။

**(ခ) အခြေခံအဆောက်အအုံများ/ အဖွဲ့အစည်းများအကြား ပေါင်းစည်းမှု မြှင့်တင်ရေး** (Facilities Connectivity)

ဒီရည်မှန်းချက်က သက်ဆိုင်တဲ့နိုင်ငံများအကြား အခြေခံအဆောက်အအုံများ ပေါင်းစည်းဆက်နွယ်မှု မြှင့်မားလာစေရေး၊ စံနှုန်းစံထားများ တစ်ပြေးညီဖြစ်လာစေရေးအတွက် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ နိုင်ငံအလိုက် ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေး၊ ပင်လယ်ဆိပ်ကမ်းကနေ ပြည်တွင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေ ချောမွေ့မှုရှိစေရေး၊ ဆိပ်ကမ်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ရေလမ်းကြောင်းများ တိုးချဲ့ရေး၊ မြို့ပြလေကြောင်းလိုင်းများ တိုးမြှင့်ပြေးဆွဲရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ရေး၊ ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တည်ဆောက်ရေး၊ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ်များ တည်ဆောက်ရေး၊ ဂြိုဟ်တုသတင်းအချက်အလက် ဖလှယ်ရေးကွန်ရက်များ တည်ထောင်ရေးတို့ ပါဝင်ပါတယ်။

**(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ချောမွေ့ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး** (Liberalization and Facilitation of trade and investment)

သက်ဆိုင်တဲ့ နိုင်ငံများအကြား အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့် ဆောင်ရွက်သွားရန်၊ နိုင်ငံအလိုက် ဥပဒေ၊ နည်းဥပဒေတွေကို အပြန်အလှန် အသိအမှတ်ပြုဖို့ ဥပဒေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အပြန်အလှန် အကူအညီပေးအပ်ကြရေး ဖြစ်ပါတယ်။ တစ်နေရာတည်းမှာ လုပ်ငန်းအားလုံး တစ်ထိုင်တည်းဆောင်ရွက်ပေးနိုင်မယ့်စနစ် (Single-window system) ကို နယ်စပ်ဂိတ်တွေမှာ တည်ထောင် သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံများအကြား ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အခွန်အကောက် မဟုတ်တဲ့ အတားအဆီးတွေ (Non-tariff barriers) ကို ဖယ်ရှားပေးသွားရေး၊ ရင်းနှီးမြှုပ်နှံမှု ချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်အကာအကွယ်ပေးရေးနဲ့ အခွန်နှစ်ထပ်ကောက်ခံမှုမှ ရှောင်ရှားရေး စာချုပ်များ ချုပ်ဆိုသွားနိုင်ရေး၊ စွမ်းအင်ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်သွားရေး၊ မျိုးဆက်သစ်သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍ၊ စွမ်းအင်သစ်ကဏ္ဍ၊ ဇီဝနည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားရေး၊ နိုင်ငံများအကြား စက်မှုဇုန်များ၊ စီးပွားရေးနဲ့ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဇုန်များ၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရေးမှာ ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

**(ဃ) ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး** (Financial Cooperation)

ငွေကြေးအရ ပေါင်းစည်းမှုရှိလာစေရေးဟာ တစ်ခုတည်းသောရပ်ဝန်း တစ်ခုတည်းသော လမ်းကြောင်း မဟာဗျူဟာအောင်မြင်ရေးအတွက် အခြေခံလိုအပ်ချက် ထောက်တိုင်တစ်ရပ် ဖြစ်ပါတယ်။ သက်ဆိုင်တဲ့နိုင်ငံများအနေနဲ့ ငွေကြေးစနစ်တည်ငြိမ်မှုရှိရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ငွေကြေးထောက်ပံ့မှုစနစ် ဖော်ဆောင်ရေး၊ အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှု ဘဏ် (Asian Infrastructure Investment Bank-AIIB)၊ ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကနိုင်ငံများနဲ့ဖွဲ့စည်းထားတဲ့ BRICS အဖွဲ့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သစ် (New Development Bank-NDB)၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO) ရဲ့ ငွေကြေးအဖွဲ့အစည်းနဲ့ ပိုးလမ်းမရန်ပုံငွေတစ်ရပ် (Silk Road Fund) တည်ထောင်သွားရေးအတွက် ကြိုးပမ်းသွားကြရန်၊ ဒါ့အပြင် သက်ဆိုင်တဲ့ နိုင်ငံများအနေနဲ့ မိမိနိုင်ငံအလိုက် ငွေချေးစာချုပ်စျေးကွက် (Bond Market) ပိုမိုပြင်စွာ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းသွားကြရန်၊ နိုင်ငံများအကြား နှစ်နိုင်ငံချင်းအလိုက် သတ်မှတ်ထားတဲ့ငွေကြေးနဲ့ ငွေပေးချေရေးသဘောတူညီချက်များ ချုပ်ဆိုသွားရန်တို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်သွားနိုင်ဖို့ ဒေသတွင်းမှာ ငွေကြေးဆိုင်ရာလုပ်ထုံး လုပ်နည်းတွေ ညှိနှိုင်းရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ် တည်ထောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**(င) ပြည်သူများအကြား ရင်းနှီးချစ်ခင်မှု ခိုင်မာလာစေရေး** (People-to-People Bond)

သက်ဆိုင်တဲ့နိုင်ငံများအကြား ယဉ်ကျေးမှုနဲ့ပညာရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများ တိုးမြှင့်ပြုလုပ်သွားခြင်းဖြင့် ရင်းနှီးချစ်ခင်မှုနဲ့ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ကို ဖော်ဆောင်သွားဖို့ဖြစ်ပါတယ်။ ပညာသင်ကျောင်းသားများ အပြန်အလှန်ဖလှယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားဗီဇာများ အလွယ်တကူ ထုတ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုတိုးမြှင့်သွားရေး၊ သိပ္ပံနဲ့နည်းပညာကဏ္ဍ၊ အသိပညာရှင်/အတတ်ပညာရှင်များအကြား သုတေသနစာတမ်းများ ပူးတွဲပြုစုခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့ ဖြစ်ပါတယ်။

■■■

**CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ**

CitiAvenue Travels & Tours

- စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)
- ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)
- ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)
- ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 ~ 18 (USD 1610)
- ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)
- ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)
- ဂျပန် (9D/8N) April 10 ~ 18 (USD 3150)
- ဩစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)
- ဥရောပ (15D/14N) April 09 ~ 23 (USD 4870)



CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။

www.facebook.com/citiavenue

အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 | 09-25090 1188 / 1199 | 09-7800770 10/20/30/40 | 01-211609

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ အမှတ်(၃၈၈/၃၈၉)၊ စံပြ(၁)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်ဟု ခေါ်တွင် သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (က/၃၈၈)၊ ဧရိယာပေ(၂၅×၅၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်စန်းညွန့်[၁၂/အစန(နိုင်)၁၄၀၆၉၉] အမည်ပေါက်ဖြစ်ပြီး ယင်းမြေကွက်နှင့် နေအိမ်ကို အမည်ပေါက်ထံမှလည်းကောင်း၊ မြေကွက်အမှတ်(က/၃၈၉)၊ ဧရိယာ ပေ(၂၅×၅၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဦးကောင်း[၁၂/လမတ(နိုင်)၀၁၇၆၂၉] အမည်ပေါက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ်ကို အမည်ပေါက် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်စန်းညွန့်[၁၂/လမတ(နိုင်)၀၀၈၈၃၄]ထံမှလည်းကောင်း အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်စိုးစိုးအောင်[၁၂/ဗတထ(နိုင်)၀၁၈၆၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုအရောင်းအဝယ်ပြုလုပ်သည့် မြေ(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ နေအိမ်တို့နှင့်ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများကို ယူဆောင်ပြီး ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဝေ(စဉ်-၇၁၂၄)** **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)** **ဒေါ်ဝေဖြိုးအောင်(စဉ်-၄၄၀၀၃)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၂၇)လမ်း၊ အမှတ်(L-166)၊ ပေ(၄၀×၆၀)မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင် ကိုမြင့်သည် ဒေါ်ကယ်ရီလိုင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေသည် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍မရှိခဲ့သည်ရှိသော် အရောင်းအဝယ်ကို ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စွာထက်
အထက်တန်းရှေ့နေ(စဉ်-၂၅၁၄၅) **LL.B,CBL,DIL**
**ph-09-73184008**

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
**Ph: 09-43117680, 09-5059821**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၉၉)၊ လုံးချင်းနေအိမ်အား အဆောက်အဦးသစ်ဆောက်လုပ်ခြင်း(သို့မဟုတ်)ရောင်းချခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထက်ပါနေအိမ်ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့် ကွက်နိုင်ပါသည်။

ဒေါ်သန်းစန်းဝေ
[၁၂/စခန(နိုင်)၀၁၅၆၅၁]+၄

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ လှည်းတန်းစင်တာရှိ မူလအဆောက် အအုံအမှတ်(၂၀)၏ ပိုင်ရှင်ဖြစ်သူ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၀၈၈၀၀၁]မှ အခန်းအမှတ် (၃၁၀)၊ ဆိုင်ခန်းအမှတ်(B1-4) ကို ပြန်လည် ရရှိခဲ့ပြီး အစ်ကိုဖြစ်သူ ဦးတင့်ဆွေ [၁၂/ဥကမ (နိုင်)၀၂၀၀၁၄]အမည်ဖြင့် ပိုင်ဆိုင်မှု ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြေနှင့် အိမ်ရာဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

မြေနှင့်အိမ်ရာဌာန
ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး

သတင်းဆောင်းပါး

# ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး

ခ ဟိန်းလတ်(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ကမ္ဘာဦးလူသားတို့သည် မီးကို စတင်တွေ့ရှိပြီးနောက် ယခင်က သား၊ ငါး သီးနှံတို့ကို အစိမ်းစားခဲ့ကြရာမှ ချက်ပြုတ်စားသောက်လာခြင်း၊ ထွန်ယက်စိုက်ပျိုးလာခြင်း စသည်ဖြင့် ဆင့်ကဲဆင့်ကဲ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ တဖြည်းဖြည်း ကျောက်ခေတ်မှ သံခေတ်သို့ တိုးတက်ပြောင်းလဲခဲ့ပြီး စူးစမ်းရှာဖွေမှုများဖြင့် တွေ့ရှိလာခဲ့သော ခဲ၊ ပြဒါး၊ နီကယ်၊ သံ အစရှိသည်တို့ကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြရာ ထိုအချိန်မှစ၍ ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းထွက်ရှိမှုများလည်း စတင်ဖြစ်ပေါ်လာခဲ့ပါသည်။

ဆက်လက်၍ တိုးတက်ပြောင်းလဲလာခဲ့သော စက်မှုတော်လှန်ရေးကာလအတွင်းတွင် ရေနွေးငွေ့သုံးအင်ဂျင်မှစ၍ ခေတ်မီစက်ကိရိယာများ၊ စက်ရုံအလုပ်ရုံကြီးများကို တီထွင်နိုင်ခဲ့ကြပါသည်။ အသုံးအဆောင်ပစ္စည်းများကို အဆင့်မြင့်သည်ထက်မြင့်အောင် ဖန်တီးထုတ်လုပ်နိုင်ခဲ့ကြပြီး လူသားတို့၏ လူနေမှုအဆင့်အတန်းသည်လည်း သိသိသာသာ တိုးတက်မြင့်မားလာခဲ့ပါသည်။ ထိုသို့ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးလာခဲ့သကဲ့သို့ အခြားတစ်ဖက်တွင်လည်း လေထုနှင့် ရေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများလည်း အဆမတန် တိုးတက်ဖြစ်ပေါ်လာခဲ့ပါသည်။

စက်မှုလုပ်ငန်းများကို မည်သို့ပင် တိုးတက်တီထွင်ဆောင်ရွက်ကြသည်ဖြစ်စေ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း သိရှိနားလည်ဆောင်ရွက်ကြရန်မှာ ယနေ့ကမ္ဘာတွင် အလွန်အရေးကြီးသော စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ မျက်မှောက်အခြေအနေတွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့၏ စက်မှုလုပ်ငန်းမျိုးစုံမှထွက်ရှိသည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီမံထိန်းသိမ်းဆောင်ရွက်ရန် ကုန်ကျစရိတ်ကြီးမားလာသည်နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခြင်း၊ သယ်ယူပို့ဆောင်စရိတ်မျှသာယူ၍ ပစ္စည်းကို အခမဲ့ပေးခြင်း စသည့် မသမာသော နည်းလမ်းမျိုးစုံဖြင့် မိမိနိုင်ငံမှ အခြားနိုင်ငံများထံသို့ သယ်ပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေခြင်းများမှ ကာကွယ်နိုင်ရန်အတွက် ဘာဆယ်ကွန်ဗင်းရှင်း၏ အတွင်းဝန်ရုံးနှင့် ဓာတုဗေဒလုံခြုံမှုဌာနတို့မှ ဘာဆယ်ကွန်ဗင်းရှင်းသို့ ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံများကို တိုက်တွန်းထားရှိလျက်ရှိပါသည်။




အာဖရိကနှင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများထံသို့ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်ခြင်းများကို ထိန်းချုပ်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဘာဆယ်မြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာနိုင်ငံကိုယ်စားလှယ်များညီလာခံမှ ဘာဆယ်ကွန်ဗင်းရှင်းအား အတည်ပြုချမှတ်ခဲ့ပါသည်။

ကွန်ဗင်းရှင်းဆိုင်ရာ အထွေထွေအတွင်းဝန်ရုံးသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်အခြေစိုက်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ စီမံအုပ်ချုပ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန ၁၄ ခု ဖွင့်လှစ်ထားရှိပြီး အရှေ့တောင်အာရှဒေသအတွက် အင်ဒိုနီးရှားနိုင်ငံ၌ ဖွင့်လှစ်ထားရှိပါသည်။

ဘာဆယ်ကွန်ဗင်းရှင်းသည် ၁၉၉၂ ခုနှစ်တွင် တရားဝင်အာဏာသက်ရောက်ခဲ့ပြီး ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံအနက် နိုင်ငံပေါင်း (၁၈၃) နိုင်ငံမှာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပါသည်။

ဘာဆယ်ကွန်ဗင်းရှင်းသည် လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဆိုးရွားစွာဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်ခြင်းများကို ထိန်းချုပ်ရန်ဖြစ်ပါသည်။ ဘာဆယ်ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက်များမှာ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှုကို လျှော့ချရန်နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်အညီ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် နေရာများသို့ သယ်ဆောင်ခြင်းမှတစ်ပါး နိုင်ငံဖြတ်ကျော်သယ်ဆောင်ခြင်းများကို ကန့်သတ်ထိန်းချုပ်ရန်နှင့် နိုင်ငံဖြတ်ကျော်သယ်ဆောင်မှုများအပေါ် စည်းမျဉ်း၊ စည်းကမ်းများဖြင့် ထိန်းချုပ်သည့်စနစ်ဖြင့် ခွင့်ပြုနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါသည်။

ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား လက်ခံစုပုံရန် တင်သွင်းခြင်းကို တားမြစ်ရာ၌ အခြားအဖွဲ့ဝင်နိုင်ငံများ၏ ဆုံးဖြတ်ချက်များကို ရယူဆောင်ရွက်ရန်၊ တင်ပို့ခြင်းနှင့်ပတ်သက်၍ တိတိကျကျ ဖော်ပြမထားသော်လည်း လိုအပ်ပါက တင်သွင်းမှုများကို တားမြစ်မှုများပြုလုပ်ရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား လူမှုရေး၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ရှုထောင့်များအရ လျှော့ချမှုများကို စီစဉ်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ အခြားစွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုစနစ်အတွက် စွန့်ပစ်မှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား စီစဉ်ဆောင်ရွက်ထားရှိရန်၊ စွန့်ပစ်ပစ္စည်း ညစ်ညမ်းမှုများကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များ လျော့ကျအောင်ဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲသူများကို လိုအပ်သည့်ကျန်းမာရေးအကာအကွယ်များ ပြုလုပ်ပေးရန်၊ နိုင်ငံဖြတ်ကျော်သယ်ဆောင်သော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား လျှော့ချမှုများပြုလုပ်ရန်၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များအား ကြီးကြပ်၍ စီမံခန့်ခွဲမှုများပြုလုပ်ရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်မှုများတွင် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအခြေအနေနှင့် ပတ်သက်သော အချက်အလက်များကို ပံ့ပိုးမှုများပြုလုပ်ပေးရန်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ကို မထိခိုက်စေသော စီစဉ်ဆောင်ရွက်မှုများ စနစ်တကျစီမံခန့်ခွဲမှုများ မပြုလုပ်လျှင် တင်ပို့မှုများကို ကာကွယ်တားဆီးမှုများပြုလုပ်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် တိုးတက်ဖြစ်ပေါ်စေရန်နှင့် တရားမဝင် ကုန်သွယ်မှုများအား ကာကွယ်တားဆီးရန်အတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တရားမဝင်သယ်ဆောင်မှုများနှင့် ဥပဒေနှင့်မကိုက်ညီသော အခြားစွန့်ပစ်ပစ္စည်းများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ ကွန်ဗင်းရှင်းနှင့်သက်ဆိုင်သော အကောင်အထည်ဖော်မှုများနှင့် ထောက်ပံ့မှုများ၊ ဥပဒေနှင့်အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကိုပြုလုပ်ရန်၊ အဖွဲ့ဝင်နိုင်ငံများမှ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား အဖွဲ့ဝင်မဖြစ်သေးသောနိုင်ငံများသို့ တင်ပို့ခြင်းနှင့် အဖွဲ့ဝင်မဖြစ်သေးသောနိုင်ငံများမှ တင်သွင်းခြင်းများကို ခွင့်မပြုရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား တောင်လတ္တီတွဒ် ၆၀ ဒီဂရီ တောင်ဘက်နယ်အတွင်း သယ်ဆောင်စွန့်ပစ်ခြင်း မပြုလုပ်ရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား သယ်ဆောင်ခြင်းနှင့် တင်ပို့ခြင်းများကို နိုင်ငံအဆင့် တရားစီရင်ပိုင်ခွင့်ရှိသောပုဂ္ဂိုလ်များမှ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ပါက တားမြစ်မှုများပြုလုပ်ရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများတွင် ထုပ်ပိုးမှု၊ တံဆိပ်ခတ်နှိပ်မှုနှင့် တင်ပို့မှုများကို နိုင်ငံတကာမှ လက်ခံကျင့်သုံးလျက်ရှိသော ဥပဒေ၊ စံချိန်စံညွှန်းများနှင့်အညီ ပြုလုပ်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများသို့တင်ပို့သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား ပမာဏလျှော့ချခြင်းနှင့် ညစ်ညမ်းမှုအလားအလာများအတွက် ဖြစ်နိုင်ခြေများကို ပုံမှန်ပြန်လည် ဆန်းစစ်ရေးတို့အား တာဝန်ယူလက်ခံဆောင်ရွက်ရန် စသည့် ကတိကဝတ်နှင့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား ကာကွယ်နိုင်ခြင်း၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ထိန်းချုပ်မှုစနစ်များအား ရရှိနိုင်ခြင်း၊ ကမ္ဘာတစ်ဝှမ်း၊ ဒေသတွင်းနှင့် ဒေသဆိုင်ရာလမ်းညွှန်မှုများ၊ အလေ့အကျင့်များ၊ သဘောတူညီမှုများနှင့် လုပ်ငန်းစီမံကိန်းများ လက်ခံရရှိနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ လူတစ်ဦးချင်းစီ၏ အသိအမြင်နိုးကြားမှုများ တိုးတက်လာနိုင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အဆင့်မြင့်အရာရှိကြီးများတွေ့ဆုံပွဲများ စသည်တို့မှတစ်ဆင့် ဒေသတွင်း အသိအမြင်နိုးကြားမှုများကို မြှင့်တင်ပေးနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှု၊ လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းရပ်များအကြား ဆက်စပ်မှုများကိုဖန်တီးပေးနိုင်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်သည့် ညီလာခံများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများကိုလည်း တက်ရောက်ခွင့်ရရှိနိုင်ခြင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ရရှိနိုင်ပြီး ငွေကြေးနှင့် နည်းပညာ အထောက်အပံ့များရရှိနိုင်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေခြင်း၊ ပုဂ္ဂလိက၊ အများပြည်သူနှင့်သက်ဆိုင်သည့် အခန်းကဏ္ဍများအား အခြေခံသည့် အသိအမြင်၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေ၊ တိုင်းပြည်၏လိုအပ်ချက်များအရ ပြည်ပမှတင်သွင်းမှုများနှင့် ပြည်တွင်းမှတင်ပို့မှုများလည်း ရှိလာနိုင်ခြင်းများကြောင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်မှုများတွင် အခက်အခဲများ ကြုံတွေ့လာနိုင်သည့်အပြင် ယခုနိုင်ငံအတော်များများတွင် ကြုံတွေ့နေရသည့် အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုတင်အစီအမံများဆောင်ရွက်ရန် လိုအပ်လာပါသည်။ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုနှင့်ပတ်သက်၍ စနစ်တကျလွယ်ကူစွာဖြေရှင်းနိုင်ရန်အတွက် ဘာဆယ်ကွန်ဗင်းရှင်းသည် အဓိကကျသည့် ကွန်ဗင်းရှင်းဖြစ်၍ ကွန်ဗင်းရှင်းပါ ကတိကဝတ်နှင့် တာဝန်များကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်သော အခက်အခဲများကို ဒေသအတွင်း ပူးပေါင်းဖြေရှင်း ဆောင်ရွက်လာနိုင်မည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများမှ စီမံအုပ်ချုပ်မှုနည်းလမ်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိလာနိုင်မည်ဖြစ်၍ ဘေးအန္တရာယ်ဖြစ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်မှု ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ အတည်ပြုခဲ့ပါသည်။




အဆိုပါကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ သဘောတူပါဝင်ခြင်း (Accession) သည် ၆-၁-၂၀၁၅ ရက်နေ့မှ စတင်သက်ရောက်ပြီး ၆-၄-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ လက်ခံရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဘာဆယ်ကွန်ဗင်းရှင်း Competent Authority နှင့် Focal Point အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား နိုင်ငံဖြတ်ကျော်သယ်ဆောင်ခြင်းများနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအတွင်းတွင် လိုက်နာကျင့်သုံးရမည့် အစီအစဉ်အဆင့်များမှာ အထက်ပါပုံအတိုင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းအမျိုးအစားများ သတ်မှတ်ထုတ်ပြန်နိုင်ရေး၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းအား စီမံခန့်ခွဲမှုအစီအစဉ် ချမှတ်နိုင်ရေးတို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ-နော်ဝေနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်အေဂျင်စီတို့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သဘောတူညီချက် လက်မှတ်ရေးထိုး၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း၏အဓိကရည်ရွယ်ချက်သည် ဘာဆယ်သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအစီအစဉ် ရေးဆွဲရန်နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အမျိုးသားအဆင့် ပင်မအစီအစဉ်မူကြမ်း ရေးဆွဲရန်တို့ဖြစ်ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ သုံးနှစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၏ အမျိုးအစားနှင့် အတန်းအစားများ၊ ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတို-ရေရှည်တွင် ထိခိုက်စေသော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းနိုင်မှု မရှိသေးခြင်း၊ ဘာဆယ်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲရန် နည်းပညာ၊ ကျွမ်းကျင်မှု အလုံအလောက် မရှိသေးခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် ဘာဆယ်ကွန်ဗင်းရှင်းပါ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ဖြစ်ပါက လုံးဝတင်သွင်းခွင့်မပြုရန် သတ်မှတ်ထားရှိပြီး

စာမျက်နှာ ၁၇ သို့




အေးသာယာပြည်သူ့အိမ်ရာ ဝယ်သူများအနေဖြင့် တိုက်ခန်းတန်ဖိုးကျပ်သိန်း (၁၀၀) ၊ (၂၀၀) ဝန်းကျင်သာကုန်ကျစံရပြီး အောက်ပါပိုင်ဆိုင်မှုများရရှိနိုင်ပါသည်။

(၁) ဝယ်သူက အခန်းတန်ဖိုးသာပေးရမှာဖြစ်ပြီး Infrastructure တွေနဲ့မြေကို ရှမ်းပြည်နယ်အစိုးရမှ အခမဲ့ပိုးပေးထားခြင်း၊

(၂) မြေယာစုပေါင်းပိုင်ဆိုင်မှုပါဝင်ခြင်း၊

(၃) အရစ်ကျစနစ် (သို့မဟုတ်) ၅နှစ်ထိဘဏ်ချေးငွေဖြင့်ဝယ်ယူနိုင်ခြင်း၊

(၄) (၂၄)နာရီ ရေမီးစနစ်၊အိမ်ရာ ဝင်းအတွင်း မြို့တော်ခန်းမ၊မီးသတ်စခန်း၊ပန်းခြံနှင့်ကလေးကစားကွင်း၊ဓမ္မာရုံ၊ဘဏ်၊Shopping Mall၊ရေကူးကန်၊အားကစားခန်းမတို့အပြင် (၂၄)နာရီအိမ်ရာလုံခြုံရေးစနစ်တို့ပါဝင်ပါသည်။

အေးချမ်းသာယာတဲ့ရာသီဥတုနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့နေရာမှာရှိခြင်းကြောင့် ဝယ်ယူနေထိုင်သူများအနေအဖို့ စိတ်ကျေနပ်ပျော်ရွှင်စေပြီး ခိုင်မာတဲ့ရင်းနှီးမြှုပ်နှံမှု၊အေးချမ်းသာယာပြီးလုံခြုံတဲ့ မိသားစုဘဝအတွက် တောင်ကြီးအေးသာယာပြည်သူ့အိမ်ရာ ကတော့ အကောင်းဆုံးရွေးချယ်မှုဖြစ်ပါသည်။

➤ မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပါသည် ◄
➤ ဒီအခွင့်အရေးကိုလုံးဝလက်လွတ်မခံသင့်ပါဘူး ◄



NO.(66), ROOM(301), THUMINGALAR STREET, ZAWANA, THINGANGYUN, YANGON.
TEL: +95-9- 440440071, +95-9- 440440072, +95-9- 440440073

Find us on Facebook www.facebook.com\Minn Kyan Sitt www.minnkyansit1st@gmail.com

ကာကွယ်ကုသကိုယ်စိတ်ကျန်းမာ
ယုံကြည်အားထားရာ
Apex Asia Medical Center

## Apex Asia Multi - Specialty & Diagnostic Center

စမ်းသပ်ချိန် ဆွေးနွေးတိုင်ပင်ချိန် လုံလောက်စွာ ရရှိနိုင်သည့်
နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါရှာဖွေကုသရေးစင်တာ




General X-ray (Digital)
Color Doppler Ultrasound
ECG
24 hours Holter Monitoring
Point of Care Lab Tests

အသက်အရွယ်၊ ကျား/မ အလိုက် ဖြစ်ပွားနိုင်ခြေရှိသော ရောဂါအကြောင်းရင်းခံများပေါ်မူတည်၍ စစ်ဆေးသင့်သော ကျန်းမာရေးစစ်ဆေးမှု (Health Check up) များပြုလုပ်နိုင်ပါသည်။

* အထွေထွေရောဂါအထူးကုသခြင်း
* အသည်းရောင်နှင့် အသည်းရောဂါများအထူးကုသခြင်း
* ဆီးချိုရောဂါအထူးကုသခြင်း
* ဆီးနှင့်ကျောက်ကပ်
* မီးယပ်သားဖွား
* အထွေထွေခွဲစိတ်
* အရိုးအဆစ်နှင့်အကြော
* စိတ်ကျန်းမာရေး
* ကလေးရောဂါများ
* အာဟာရဆိုင်ရာကျန်းမာရေးတို့ကို အထူးကုသပေးခြင်း

"အဆုတ်နှင့်ရင်ခေါင်းပိုင်းဆိုင်ရာ အထူးကုသမားတော်ကြီး၊ အထွေထွေရောဂါအထူးကုသမားတော်ကြီးများနှင့် စဉ်ဆက်မပြတ်တိုင်ပင်ကုသမှု ခံယူနိုင်ပါသည်။"

### လေဖြတ်ပြီးလူနာနှင့် အထွေထွေပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းကုထုံးအစီအစဉ်

* လေဖြတ်ပြီးစလူနာများအား အတွေ့အကြုံရှိသော ဆရာဝန်၊ သူနာပြု၊ လေ့ကျင့်ခန်းကုထုံးပညာရှင် စသည်တို့မှ ကဏ္ဍအလိုက်ပူးပေါင်း၍ ပြီးပြည့်စုံသော လေ့ကျင့်ခန်းကုထုံးများဖြင့် စဉ်ဆက်မပြတ်ကုသပေးခြင်း၊ အချိန်တိုအတွင်း ဟန်ချက်ညီသော ခြေလှမ်းမှန်များပြန်ရရှိစေရန် နောက်ဆုံးပေါ် USA နိုင်ငံထုတ် (Biodex New Gait Trainer 3) ဖြင့် လေ့ကျင့်ကုသပေးခြင်း
* အရိုးကျိုး၊ ပေါင်၊ ဒူးဆစ်အစားထိုးနှင့် ခါးနာ၊ လည်ပင်းကျိုးပေါင်းနာ၊ အဆစ်အမြစ်နာရောဂါများအတွက် လေ့ကျင့်ခန်းကုထုံးများဖြင့် ကုသ ပေးခြင်း

" မြန်မြန်စ၊ စောစောစ ပြည့်ပြည့်စုံစုံကုသပါ။ "Rehabilitation" အလွန်အကျိုးရှိပါသည်။"

လေဖြတ်ရောဂါဖြစ်ပွားပြီးလျှင် စနစ်တကျစီမံထားသောပြန်လည်သန်စွမ်းကျန်းမာရေးအစီအစဉ်တွင် ပါဝင်ကုသမှုခံယူပါကမိသားစုဘဝ၊ လုပ်ငန်းခွင်သို့ ပျော်ရွှင်စွာပြန်လည်သွားလာနိုင်မည်ဖြစ်ပါသည်။

No 33/2, Pyay Road, Yadanar Lane, 7 Mile, Mayangone Township, Yangon.
Tel : 01 662 801, 01 662 467, 09 73227 555 | 24 Hour Answering Line : 09 73227 666

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**
**ထုချေစေရန်အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တပ်ကုန်းမြို့နယ် တရားမရုံးတော်၌**
**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၂နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ်၊တရားမဇာရီမှုအမှတ်-၈**

| | | |
|---|---|---|
| ၁။ ဦးမောင်စိုး | | ၁။ ဒေါ်ကြည်ကြည်သိန်းမောင် |
| ၂။ ဒေါ်မြတင် | နှင့် | ၂။ မထားထားဦး |
| | | ၃။ ကိုဖြိုးမင်းထိုက် |
| | | ၄။ ဦးဌေးလှိုင် |
| | | ၅။ မခင်ဇာခြည်ကျော် |
| ဒီကရီအနိုင်ရသူများ | | တရားရှုံးများ |

မိတ္ထီလာမြို့၊ အေးချမ်းရပ်ကွက်၊ အောင်ဆန်းနယ်မြေ၊ မကျီးကုန်းရပ်နေ (၁) ဒေါ်ကြည်ကြည်သိန်းမောင်၊ (၂)မထားထားဦး၊ (၃)ကိုဖြိုးမင်းထိုက်၊ (၄) ဦးဌေးလှိုင်၊(၅)မခင်ဇာခြည်ကျော် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၂တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမောင်စိုးပါ-၂က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ မတ်လ ၁၄ရက် (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေရမည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဦး)**
**မြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့**

SAMSUNG

Galaxy S7 edge



Rethink what a phone can do

စတင်ရောင်းချခြင်း အထူးအစီအစဉ်

ဈေးနှုန်း - ၉၀၀,၀၀၀ ကျပ်

20th March 2016 (တစ်ရက်တည်းသာ )

ရန်ကုန်မြို့ - Myanmar Plaza

မန္တလေးမြို့ - Sedona Hotel

telenor Package မေတ္တာလက်ဆောင်ပါဝင်သည်။

Samsung Battery Pack

Samsung Micro SD 64GB

Gear S2 classic အလုံး (၂၀၀) မဲဖောက်ပေးမည်

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM




လူတိုင်းလက်လှမ်းမီသော နိုင်ငံတကာအသိအမှတ်ပြု ငွေကြေးဆိုင်ရာဘာသာရပ်များ

Foundation Level
Level 2 Fundamentals of Financial Services (FFS)
Level 3 International Introduction To Securities & Investment (IISI)

ICWIM
Level 3 International Certificate In Wealth & Investment Management (ICWIM)
Level 3 Investment Operations Certificate (IOC)
Level 3 Certificate In Corporate Finance

| | |
|---|---|
| ICWIM (1st Batch) | Starting Date : March - 19 |
| FFS (4th Batch) | Starting Date : March - 26 |



CISI CHARTERED INSTITUTE FOR SECURITIES & INVESTMENT
MYANMAR INSTITUTE OF FINANCE

MIF Address : MAPCO Building၊ အမှတ်(၁၀၁)၊ ကမ်းနားလမ်း နှင့် မော်တင်ထောင့်၊ ဆိပ်ကမ်း (လမ်းမတော်) မြို့နယ်၊ ရန်ကုန်မြို့။
ENROLL NOW : 09 976528783, 09 973703337

---

ဦးအောင်ဟိန်းကျော်
ရေးပြောဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
စာကျက်စရာမလို၊ အခြေခံကျကျ လက်တွေ့ရေး ကျင့်သည်၊ ၃လတွင်ရေးတတ်ရမည်
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
စာကျက်စရာမလို၊ စကားသင်သည်၊ ၁လအတွင်းပြောနိုင်ရမည်
အလွတ်ကျက်စရာမလို
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)စာအုပ်ထွက်ပြီ
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468 ■ 095171841

---

အခြေခံ ဆရာဦးသိန်းဝင်း
ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျံကျောင်းလမ်း)၊ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဆေးရုံနံဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

---

ဦးအောင်ဟိန်းကျော်
ရွှေ့သင်တန်း
အင်္ဂလိပ်စကားပြော • ရေးနည်း
ဇင်မအိမ်ယာ၊ဇင်မလမ်း၊ထူပါရုံမှတ်တိုင်၊၂ မြောက်၊သာကေတ
09785171841

---

တရုတ်
Sayar.Yang
စကားပြောခုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

---



GPM GRAND POWER MACHINERY
Construction Lift
■ (၁) တန် (၃းမည်)
■ အမြင့် 76 m
■ ရန်ကုန်တွင် Stock ရှိသည်
09 731 88 101, 09 731 13 100
www.grandpowermachinery.com

---

တွေ့ကြုံရသည့်အတတ်ပညာ
နိုင်မာသောအလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သောသင်ကြားမှု...
EPI
Software - ၁ သိန်း
Hardware - ၁ သိန်း
ဖုန်းပြုပြင်နည်းသင်တန်း
ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်ပြီး ပြုပြင်နိုင်အောင် လုပ်ငန်းခွင်မှ ကျွမ်းကျင်ဆရာများက အခြေခံမှစ၍ အတတ်သင်ကြားပေးသည်။နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် အခမဲ့ စီစဉ်ပေးမည်။
Data 2000 GB ပေးမည်။ကြိုတင်အပ်နှံသူများ 10% Discount ပေးမည်။
အမှတ်(၁၃၂)၊ဒုထပ်(ဗ)၊(၃၇)လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 09 25 4040 200, 09 300 47 422

---

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
HIACEအန်စာတုံးခေါင်းမြင့်ဆိုက်ကြီး
GL WAC POWER SLIDE 15 SEAT 2005-2011
ဒီဇယ်၊ ခာတ်ဆီ၊ ဂျပန်ကားများကို ၁၂၃–B၊ သံလွင်လမ်းတွင် ကြည့်ရှုဝယ်ယူနိုင်ပါသည်။ ဖုန်း – ၀၉၅၁၁၇၅၈၀

---

၁၂ နာရီလျှင် ပိဿာ(၃၀)ဝင် ပဲခြောက်အိတ် (၁၅)အိတ်ကြော်နိုင်သော နှစ်ပြန်ကြော်မီးဖိုအိုး

မီးဖိုအိုး ပြုလုပ်လိုသျှင် ဆက်သွယ်ရန်
၀၉ ၅၀၂၇၆၁၀၊ ၀၉ ၇၈၆၂၉၁၄၀၂
ဦးတင်ဦး အင်ဂျင်နီယာလုပ်ငန်း
E-mail:utinooengg@gmail.com

---

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသားအများဆုံးရရှိနေပြီး၊ အောင်ချက်ကောင်း၊စည်းကမ်းကောင်း၊ စာသင်ကောင်းခြင်းတို့ကြောင့် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်၊ အင်းစိန်မြို့နယ် ကိုယ်ပိုင်ကျောင်းများအားလုံးတွင် ၈-တန်းအောင်ချက် ပထမ၊ ၁၀-တန်းအောင်ချက် ပထမ တရားဝင်ရရှိခဲ့သော.....
ကျောင်းလခလည်းအလွန်ချိုသာသော.....

PRIVATE TS U THAN SEIN HIGH SCHOOL

ဆရာ ဦးသန်းစိန် ပျိုကျ/ ရူပ နှင့် ဆရာမ ဒေါ်ငြိမ်နီမြင့် အင်္ဂလိပ်စာ [M.A (English), Dip in ELT(YU)]
ကိုယ်တိုင်အုပ်ချုပ်သင်ကြားသော
UTS
(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ

ကြေညာရုံဖြင့် မယုံပါနှင့်၊
လေ့လာပါ၊စုံစမ်းပါ၊လာကြည့်ပါ၊
ကြိုက်မှကျောင်းအပ်ပါ။
ငွေကြေးသက်သာ၊ ဝန်ဆောင်မှုပြည့်ဝတာ ဦးသန်းစိန်ကျောင်းပါ။

၈.၉.၁၀ တန်းများ ၁၀.၃.၂၀၁၆ စမည်။
သူငယ်တန်းမှ ၇-တန်းများ ၁၀.၅.၂၀၁၆ စမည်။

(၁) အထက်တန်းပြ Maths,Phy,Chem,Bio Guideများ
(၂) ကျောင်းစာရေး(၂)ဦး(ဆက်ဆံရေးကောင်းပြီး၊ ရုပ်ရည်သန့်သူ၊စာရင်းတွဲဖက်လုပ်ကိုင်နိုင်သူ)
(၃) မြန်မာထမင်းဟင်းကို သန့်ရှင်းကျွမ်းကျင်စွာ ချက်တတ်သူ
● အမှတ်စဉ်(၁)နှင့်(၂)အတွက် ဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်ရေးအကျဉ်း၊ ပူးတွဲလျှောက်ထားရမည်။
● အမှတ်စဉ်(၃)အတွက် ကိုယ်ရေးအကျဉ်း၊ ရဲစခန်းထောက်ခံစာ ပူးတွဲလျှောက်ထားရမည်။
(လျှောက်လွှာများကို ၂၀-၃-၂၀၁၆ နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။)
(ဆရာဦးသန်းစိန်ကိုယ်ပိုင်အထက်တန်းကျောင်း)

◆ ကျောင်းနှင့်တူသော ကျောင်းကြီးဖြစ်သည်။
◆ ကျောင်းသား/သူများကိုပညာရေး ထူးချွန်စေရုံသာမက မိဘကိုပါ ရိုသေ ကိုင်းရှိုင်းမှု ရှိစေရန် တရိတ္တပါ သင်ကြားပေးသည်။
◆ စာသင်ခန်းများ နှင့် အိပ်ဆောင်များ အလွန်ကျယ်ဝန်းသည်။ ဘောလုံးကွင်းရှိသည်။ အားကစားရုံရှိသည်။
◆ ဘော်ဒါဆောင် နှင့် စာသင်ကျောင်း တစ်နေရာတည်းတွင် ရှိသောကြောင့် လုပ်ငန်း၊ အချိန်ကုန် သက်သာစေသည်။

ဖွင့်တဲ့တန်းခွဲတိုင်း ပြည့်နေတာမို့ ကြိုတင်အပ်နှံထားမှ စိတ်ချရမှာပါ။
စာသင်ကျောင်းတည်နေရာ ■ ဆရာဦးသန်းစိန်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း ပြည်တော်သာမှတ်တိုင်ရှေ့၊ ရွာမအရှေ့ရပ်ကွက်၊ ရွာမလမ်းဆုံ၊အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
သင်တန်းတည်နေရာ ■ (၄၈)(၅၇)(၇၄)၊ဗိုလ်ဥတ္တမလမ်း၊ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Phone: 095190862, 09450014699, 0973016839, 09420273846, 09263889212
Facebook Page - Saya U Than Sein Private High School

## နှစ်ပေါင်း ၁၉၅ နှစ်ကျော်က မြန်မာမှုလက်ရာ ခြင်္သေ့ရုပ်တုကြီးနှစ်ခု ရွှေတန့်တစ်ကျေးရွာတွင် လေ့လာကြည့်ရှုနိုင်

သတင်း စာမျက်နှာ » ၉



### ယနေ့မှာတိကာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသော အငှားအိမ်ရာများအား ပွင့်လင်းမြင်သာစွာ ကိုယ်တိုင်မဲနှိုက်နေရာချထားပေးမည် စာမျက်နှာ » ၂

လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်သည့် ဝန်ထမ်းဘဝ စာမျက်နှာ » ၁၁

## တောင်ကိုရီးယား ရှင်းဟန်ဘဏ်က မြန်မာနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် ဘဏ်ခွဲဖွင့်လှစ်မည်

**ရန်ကုန် မတ် ၆**

တောင်ကိုရီးယားနိုင်ငံ၏ အဓိကငွေစုငွေချေးဘဏ်ဖြစ်သည့် ရှင်းဟန်ဘဏ်သည် မြန်မာနိုင်ငံဈေးကွက်ကို ချဲ့ထွင်ရန် ၎င်းတို့၏ ကြိုးပမ်းမှုကို အရှိန်မြှင့်သည့်အနေဖြင့် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း မြန်မာနိုင်ငံ၌ ဘဏ်ခွဲသစ်တစ်ခုဖွင့်လှစ်ကာ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ဝင်ရောက်ရန် စီစဉ်ထားကြောင်း မတ် ၆ ရက်တွင် ပြောကြားခဲ့သည်။

ထိုသို့ဖွင့်လှစ်မည့် ဘဏ်ခွဲသစ်ကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်း ရှင်းဟန်ဘဏ်က ပြောသည်။ အဆိုပါဘဏ်ခွဲသစ်သည် **စာမျက်နှာ ၉ ကော်လံ ၄ သို့**

## မြန်မာ့မီးရထားနှင့် ပုဂ္ဂလိကကုမ္ပဏီများအကျိုးတူပူးပေါင်း၍ ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်မည်

**ရန်ကုန် မတ် ၆**

ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့အကျိုးတူပူးပေါင်း၍ ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းစီမံကိန်းကို မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ထို့ကြောင့် ပုဂ္ဂလိက/အဖွဲ့အစည်းများမှ ရထားစက်ခေါင်းနှင့် ကုန်တွဲများ ဝယ်ယူမြှုပ်နှံပြီး မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်းရန်အတွက်ဆောင်ရွက်ခဲ့ကြရာ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှစ်ခု၌ ဆီလုံးရထားပြေးဆွဲခြင်း လုပ်ငန်းအတွက် Asia Sun Logistics ကုမ္ပဏီလီမိတက်နှင့် Resources Group of Logistics ကုမ္ပဏီလီမိတက်တို့မှ တင်ဒါအောင်မြင်ခဲ့သောကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်ဒါအောင်မြင်ကြသော ကုမ္ပဏီနှစ်ခုအတွက် ကြေညာခြင်းအခမ်းအနားနှင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့**

သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)



ဂျပန်နိုင်ငံမှ ရောက်ရှိလာသော RBE အဲကွန်းရထားတွဲများ တင်/ချလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်။






